ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၁၂၂)

နေ့စွဲ – ၂၆.၈. ၂၀၁၂

**<u>သမိုင်းကဏ္ဍ</u>**

## ဂျပ်စတင်မာတား – မယုံကြည်သူအသိုင်းအဝိုင်းမှပြောင်းလဲသူ

(Justin Martyr - Convert from Heathendom)

**နိဒါန်း**

ဘုရားသခင့်သားတော် မိမိအသင်းတော်ကို၊ မိမိနှုတ်ကပတ်တော်နှင့်ဝိညာဉ်တော်အားဖြင့် စုစည်းသောအခါ၊ သူသည် ရွေးကောက်ထားသောသန့်ရှင်းသူ တဦးချင်းကို အသင်းတော်၏မိဿဟာယထဲသို့ မတူညီသောနည်းလမ်းများဖြင့် ခေါ်ဆောင်လေ့ရှိပါသည်။ အချို့တို့မှာ ပင်ညာဉ်အတွင်း မွေးဖွားကြီးပြင်း၊ သွန်သင်ခြင်းကိုခံကြလျှက်၊ ကျမ်းစာ၏အမှန်တရားများကို မိခင်နို့နှင့်အတူ သောက်သုံးကြရပါသည်။ အချို့တို့မှာမူ အသင်းတော်၏မိဿဟာယဖွဲ့ခြင်းသို့ အမှောင်ဆုံးသော မယုံကြည်သူအသိုင်းအဝိုင်းမှနေ၍ ခေါ်ယူခြင်းခံကြရပါသည်၊ သူတို့သည် ရုပ်တုဆင်းတုကိုးကွယ်ခြင်းအမိုက်မှောင်မှနေ၍ ဧဝံဂေလိအလင်းတရားသို့ ရှုတ်တရက် ချိုးကွေ့ပြောင်းလဲလာကြသူများ ဖြစ်ကြပါသည်။ အချို့တို့မှာ အသင်းတော်၏အပြင်ဖက် အစွန်းကလေးတွင် နှစ်ပေါင်းများစွာ နေထိုင်ကြလျှက်၊ တကြိမ်တခါသာ အသင်းတော်သို့ တက်ရောက်ဖူးကြပြီး၊ ဧဝံဂေလိတရား၏ အမှိန်ဆုံးအလင်းရောင်ကလေးကိုသာ ကြားဖူးကြပါသည်။ သို့သော် တဖြည်းဖြည်း ယုံကြည်ခြင်းနှင့်ပြောင်းလဲခြင်းသို့ နှစ်ပေါင်းများစွာ အချိန်ယူပြီးမှ ရောက်တတ်ကြသူများလည်းရှိပါသည်။ သူတို့သည် ငယ်စဉ်ကလေးဘဝမှနေ၍ ဧဝံဂေလိတရားကို ကြားဖူးခဲ့ကြသော်လည်း တကယ်ပြောင်းလဲခြင်းရောက်ဖို့မှ နှစ်များစွာကြာတတ်သည်ကို တွေ့ရပါသည်။ အချို့တို့သည် အချို့သောအူကြောင်ကြောင် ဘာသာရေးအဖွဲ့တို့၏ သွန်သင်ခြင်းတို့အကြား ရှည်လျားခက်ခဲသော ဝိညာဉ်ရေးရာခရီးလမ်းကို လျှောက်လှမ်းကြပြီးခါမှ၊ လူအများက မှားယွင်းစွာ ယုံကြည်တတ်ကြသည့် အာမီးနီးယန်းဝါဒအမှား(ဘုရားသခင့်ကျေးဇူးတော်မလိုဘဲ လူက မိမိလွတ်လပ်ခြင်းဖြင့် ဘာမဆိုလုပ်နိုင်သည်ဟု ယူဆသောသွန်သင်ခြင်း)သို့ ကျရောက်ပြန်ကာ၊ ထိုမှနေ၍ နောက်ဆုံးတွင် ဘုရားသခင်၏ အစိုးရတော်မူခြင်းကျေးဇူးတော် အမှန်တရားသို့ ရောက်ရှိလာတတ်ကြပါသည်။ ဘုရားသခင်သည် မိမိလူများကို တခါတရံ အသင်းတော်၏ မိတ်သဟာယဖွဲ့ခြင်းသို့ ထူးဆန်းသော၊ အံ့ဩဖွယ်ဖြစ်သောနည်းလမ်းတို့ဖြင့် ရောက်ရှိစေတတ်ပါသည်။

သခင်ယေရှုခရစ်တော်၏ အသင်းတော်သမိုင်း အစပျိုးချိန်တွင်၊ တမန်တော်များခေတ်၌ပင်၊ ထိုဥပဒေသသည် မှန်ကန်လျှက်ရှိပါသည်။ ထိုအချိန်ကအသင်းတော်သည် ဓမ္မဟောင်းအသင်းတော်ထဲတွင် ကြီးပျင်းလာကြသူ ဂျူးများဖြင့် ဖွဲ့စည်းထားပါသည်၊ သူတို့သည် ဓမ္မဟောင်းကျမ်းစာထဲမှနေ၍ ဧဝံဂေလိတရားအားဖြင့် ခရစ်တော်အားယုံကြည်ခြင်းသို့ ရောက်ရှိလာကြသူများဖြစ်ကြသည်။ ထိုဂျူးတို့အထဲမှ အချို့တို့သည် တပါးအမျိုးသားဘဝမှ ဂျူးယုံကြည်ခြင်းသို့ ဝင်ရောက်ကြသူများ ဖြစ်ကြသည်၊ ထိုမှနေ၍ နောက်ဆုံးတွင် အသင်းတော်၏မိတ်သဟာယထဲသို့ ခရစ်တော်၏ဝိညာဉ်တော်၏ အစိုးရတော်မူသောလုပ်ဆောင်ပေးခြင်းဖြင့် ရောက်ရှိကြသူများ ဖြစ်ကြပါသည်။ အထူးသဖြင့် ဧဝံဂေလိတရားကို ပထမဆုံးအကြိမ်၊ မြေထဲပင်လယ်ဒေသတဝိုက်တွင် ဟောကြားခဲ့ကြချိန်က ဖြစ်ပါသည်။ ထိုဒေသတွင်တော့ အသင်းတော်၌ရှိကြသူ အများစုသည် မယုံကြည်သူအသိုင်းအဝိုင်းမှ ပြောင်းလဲလာကြသူများပါသည်။ သို့သော် ထိုနေရာတွင်လဲ ပြောင်းလဲခြင်းများကို ဘုရားသခင်က မယုံကြည်မှုမှောင်မိုက်အတွင်း ကယ်တင်ခြင်းအလင်းတရားကို ရှုတ်တရက်ထွန်းလင်းစေခြင်းနည်းလမ်းဖြင့် မဖြစ်ပေါ်စေခဲ့ပါ။ မယုံကြည်သူအသိုင်းအဝိုင်းမှ ပြောင်းလဲခြင်းသည်လည်း တခါတရံ၊ ရှည်လျားသော၊ ခက်ခဲကြမ်းတမ်းသော ခရီးရှည်တခု သွားရခြင်းမျိုးဖြစ်ပါသည်။ ထိုသို့ဖြင့် အဆုံးတွင် ငြိမ်းချမ်းခြင်းနှင့်ကယ်တင်ခြင်းသို့ ရောက်ရခြင်းမျိုးဖြစ်ပါသည်။

အသင်းတော်ဖခင်ကြီး ဂျပ်စတင်မာတား၏ဘဝသည် ထိုသို့သောဇတ်လမ်းတပုဒ် ဖြစ်ပါသည်။

**သူ၏ပြောင်းလဲခြင်း**

ဂျပ်စတင်မာတား၏ အမည်အစစ်တွင် “မာတား”ဆိုသည် မပါခဲ့ပါ။ သူသည် ထိုနာမည်ကို မာတုရ(အာဇာနီ)အဖြစ် အသေခံခဲ့ရသဖြင့် ရလာခဲ့ခြင်းဖြစ်ပါသည်။ သူသည် မိမိ၏ယုံကြည်ဝန်ခံချက်ကို မိမိအသွေးဖြင့် ခတ်နှိပ်ခဲ့သူဖြစ်ခြင်းသည် အရေးကြီးလှသော အချက်တခု ဖြစ်ပါသော်လည်း၊ ဤနေရာတွင် ရေးသားလိုသောအကြောင်းအရာ၏ အဓိကအချက်မဟုတ်ပါ။

ဂျပ်စတင်ကို စမားရီးယား(မြန်မာကျမ်းစာတွင် ရှမာရိနယ်ဟုခေါ်သည်)ဒေသတွင် မွေးဖွားခဲ့ပါသည်။ ဂျူးတို့နှင့် အနီးကလေးတွင်ဖြစ်သော်လည်း နှစ်ပေါင်းများစွာ ဂျူးတို့၏ဘာသာရေးကို လုံးဝမသိခဲ့ပါ။ ထို့အတူ ခရစ်ယာန်ဘာသာကိုလည်း မသိခဲ့ပါ။ သူ့ဖခင်သည် ဂရိလူမျိုးဖြစ်သည်၊ ပရိစ်ခပ်စ်(Priscus)ဟု ခေါ်သည်။ ပရိခပ်စ်နှင့်သူ့ဇနီးတို့သည် ရောမအင်ပါယာပြည့်ရှင် ဗက်စပါးစီးယန်း(Vespasian)က ဖလဲမီးယားနီယိုပိုးလစ်မြို့(Flavia Neopolis)တွင် အခြေချနေထိုင်ရန် စေလွှတ်လိုက်သော ရောမနိုင်ငံသားအမြောက်အများထဲတွင် ပါဝင်ပြောင်းရွှေ့သူများဖြစ်ကြပါသည်။ ထိုမြို့ကို ကျမ်းစာတွင် ရှေခင်မြို့(Shechem)ဟု ခေါ်ပါသည်။ သူ ၏မွေးနေ့သည် ရာစုနှစ်အသစ်သို့ဝင်စအချိန် အေဒီ ၁၀၀ ခန့်ဖြစ်ပါသည်။ ကြည့်ရသည်မှာ ထိုပြောင်းရွှေ့လာသော ရောမနိုင်ငံသား အစုကလေးသည် သိပ်သည်းစွာ၊ နီးကပ်စွာနေထိုင်ခဲ့ကြသော အုပ်စုတစုဖြစ်ပုံရပါသည်၊ အနီးဝန်းကျင်မှ အခြားလူမျိုးများနှင့်

သိပ်ဆက်ဆံကြပုံ မတွေ့ရပါ။ သို့သော်၊ အေဒီ ၁၀၀၊ ရောမစစ်ဗိုလ်ချုပ်ကြီးတိုက်တပ်စ်၏ တပ်မကြီးများက ဂျေရုဆလင်မြို့တော်ကို ဖြိုဖျက်ပြီး နှစ်ပေါင်း သုံးဆယ်ခန့် ကြာပြီးချိန်ရောက်သောအခါ၊ ထိုဒေသတွင် ဂျူးလူမျိုး အနည်းငယ်သာ ကျန်ပါတော့သည်။

ဂျပ်စတင်သည် အများနှင့်မတူအောင် ထူးချွန်လှသော ကျောင်းသားကလေး ဖြစ်လာပါသည်။ အတော်ငယ်သောအရွယ်မှ စ၍ ရောမအင်ပါယာ တနံတလျားသွားလာကာ၊ မိမိအားကျေနပ်မှုကိုပေးမည့် သွန်သင်ခြင်းအား လိုက်လံရှာဖွေလေသည်။ ထိုအကြောင်းကို သူကိုယ်တိုင်က ကျွန်တော်တို့အား ပြောပြခဲ့ပါသည်။

ဂျပ်စတင် လူပျိုဘဝရောက်ချိန်ကပင် သူ၏ဝိညာဉ်တွင် မည်သို့မျှကျေနပ်ခြင်းမရနိုင်သည့် နက်ရှိုင်းလှသော အာသီသတမျိုးကို ခံစားနေခဲ့ရလေသည်။ ထိုအာသီသသည် ဤမေးခွန်းနှင့် ဆက်နွယ်၍ ဖြစ်ပေါ်နေခြင်း ဖြစ်သည်၊– "လူသည် ဘုရားသခင်နှင့် မည်သို့ဆက်နွယ်နေပါသနည်း?" ထိုဆက်နွယ်မှုကို မည်ကဲ့သို့ တည်ဆောက်နိုင်မည်နည်း? ထိုဆက်နွယ်မှုမှနေ၍ လူသားကဘာကိုမျှော်လင့် နိုင်ပါမည်နည်း? ထိုမေးခွန်းတို့၏အသံများ ဘယ်တော့မှ တိဆ်မသွားခဲ့ပါ။ ထိုမေးခွန်းတို့က သူ့ကို အမြဲ နှိပ်စက်ကြပါသည်။ ထို မေးခွန်းများ၏အဖြေသည် သူ့အတွက် အရာခပ်သိမ်းထက် ပို၍အရေးကြီးသလို ဖြစ်နေပါသည်။ သူ့ဘဝ ဘာဖြစ်သွားသွား ထိုမေးခွန်းတို့၏အဖြေကိုသာ ရမည်ဆိုလျှင် သူသည် လုပ်မည်သာ ဖြစ်ပါတော့သည်။

ဂျပ်စတင် ပြောင်းလဲပြီးခါမှသာ ထိုမေးခွန်းများ၊ ထို မည်သို့မျှ ကျေနပ်မှုမရနိုင်သည့်၊ ဘာကိုမှန်းလဲမသိသည့် အာသီသများဆိုသည်မှာ၊ သူ၏ဝိညာဉ်ထဲတွင် ခရစ်တော်ကလုပ်ပေးသောအရာဖြစ်သည်ဟု နားလည်လာခဲ့ပါသည်။ လူတဦးထဲတွင် ထိုနက်ရှိုင်းလှသောအာသီသ၊ ဘယ်လိုမှကျေနပ်မှု မရနိုင်သော ဆာလောင်မှု၊ မိမိထံတွင် မရှိသောအရာတခုကို ဆာလောင်နေခြင်းစသည်တို့ကို မဖန်ဆင်းဘဲ ဘုရားသခင်သည် လူတဦးကို သခင်ခရစ်တော်အား သိခြင်း၊ ကယ်တင်ခြင်းသို့ ခေါ်ပါမည်လားဆိုသည်မှာ သံသယရှိစရာဖြစ်ပါသည်။ (ဆိုလိုသည်မှာ ဘုရားသခင်က လူတဦးကို ထိုသို့သောဆာလောင်မှုများဖြစ်စေလျှက်သာ ယုံကြည်သူ ဖြစ်လာစေသည်ဟု ပြောခြင်းဖြစ်သည် – ဘာသာပြန်သူ) နောက်ရာစုနှစ် သုံးစုရောက်သောအခါ၊ ဩဂတ်စတင်ဆိုသူက၊ ထိုအကြောင်းကို ဤသို့ရေးသားပြပါသည်၊ "ငါ့ဝိညာဉ်သည် ကိုယ်တော့်ကို မတွေ့ရမချင်း အနားယူရမှုကို မတွေ့နိုင်ခဲ့ပါ။" နောက်ဆုံးတွင် ထိုအာသီသသည် အပြစ်တရားကို သိခြင်းအသိပညာမှနေ၍ မွေးဖွားလာခြင်းဖြစ်ပါသည်။ အပြစ်၏ မျှော်လင့်ချက်ကင်းမဲ့မှုကထုတ်လုပ်လိုက်သော ဘဝ၏ အဓိပ္ပါယ်မဲ့ နတ္ထိဖြစ်ခြင်း၊ ဘဝ၏ မျှော်လင့်ချက် ကင်းမဲ့ခြင်းတို့မှ မွေးဖွားလာခြင်းဖြစ်ပါသည်။ ကယ်တင်ခြင်းသည် ခရစ်တော်အား ယုံကြည်ခြင်းဖြင့် ရလာပါသည်၊ သို့သော် အဓိပ္ပါယ်မဲ့နေသောအပြစ်သား လိုအပ်သည်မှာ ခရစ်တော်သာ ဖြစ်ပါသည်၊ ဆာငတ်သောအပြစ်သားကသာ အသက်ရှင်နေသောစမ်းရေကို သောက်သုံးပါသည်၊ ဆာလောင်နေသောအပြစ်သားကသာ အသက်ပေးသောမုန့်(အစာ)ကို စားပါသည်။ ရုန်းကန်နေရသော၊ ဝန်လေးပင်ပန်းနေသော အပြစ်သားတို့ကသာ သူတို့၏ဝိညာဉ်များ အနားယူရခြင်းကိုတွေ့ဖို့ ခရစ်တော်ထံ လာကြပါသည်။ လူတဦး ခရစ်တော်ကို ယုံကြည်လာဖို့ သန့်ရှင်းသော ဝိညာဉ်တော်၏ ယေဘုယျလုပ်ကိုင်ပေးသော နည်းလမ်းသည် ဤသို့ဖြစ်ပါသည်၊– အပြစ်သားကို သူလိုအပ်နေသည်မှာ ခရစ်တော်ဖြစ်ကြောင်း အစိုးရတော်မူစွာ ပြသခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဂျပ်စတင်၏ ထိုနက်ရှိုင်းလှသောဆာလောင်မှုကို ခံစားရခြင်းသည် ထူးဆန်းသောအဖြစ် မဟုတ်ပါချေ။ သူ့ထံတွင် ထိုဆာလောင်မှုသည် သူ့ဘဝ၏ အစိတ်အပိုင်းတခုအဖြစ် နှစ်ပေါင်းများစွာ ရှိနေသည်မှာ၊ ဘုရားသခင့် စောင်မတော်မူခြင်း၏ မှတ်သားလောက်ဖွယ်သော ပြုလုပ်ပေးမှုကြောင့် ငြိမ်းချမ်းမှုသည် နောက်ဆုံးတွင် သူ့ထံသို့ ရောက်လာသည့်တိုင်အောင် ဖြစ်ပါသည်။

ဂျပ်စတင်သည် ရောမအင်ပိုင်ယာကြီးတခုလုံးသို့ သွန်သင်ခြင်းမျိုးစုံကို သူ၏ဝိညာဉ်အား ကျေနပ်မှုပေးနိုင်စွမ်းလေခြားရှာဖွေခဲ့ပါသည်။ ဘုရားများစွာကို ကိုးကွယ်ခြင်းသည် သူ့အတွက် မိုက်မဲမှုသာဖြစ်နေပါသည်။ အဆုံးစွန်အားဖြင့် ကိုးရိုးကားယားနိုင်မှုသာ ဖြစ်နေပါသည်။ သူ့ဝိညာဉ်ကို ကျေနပ်မှုပေးနိုင်သောအရာ မဟုတ်ခဲ့ပါ။ ထိုနှစ်များအကြောင်းကို ဂျပ်စတင်က "တနယ်မှ တနယ်သို့ ခြေဦးတည့်ရာသွားလာနေခြင်းဖြစ်သလို၊ ဝိညာဉ်ရေးရာအရလည်း ခြေဦးတည်ရာသွာနေခြင်းသာဖြစ်ပါသည်"ဟု ကျွန်တော်တို့ကို ပြောပြပါသည်။

ဂျပ်စတင်သည် စတိုးအစ်တွေးခေါ်ရှင်များထံ သွားခဲ့ပါသည်။ စတိုးအစ်များသည် ကိုယ်ကျင့်တရားကို အဓိကထားကြသော ဒဿနပညာရှင်များဖြစ်ကြသည်။ သူတို့က သူ့ကို၊ လူ၏ဘုရားသခင်နှင့်ဆက်နွယ်ခြင်းသည် အရေးကြီးသောမေးခွန်းမဟုတ်၊ ထိုမေးခွန်းများကြောင့် စိတ်ရှုပ်စရာမလို၊ အနည်းဆုံးအစပျိုးတွင် မလိုပါဟု ပြောပြကြသည်။ သို့သော် ဂျပ်စတင်အတွက်မူ ထိုမေးခွန်းများသည် အရေးကြီးဆုံးဖြစ်နေကြသည်။

ထို့နောက် သူသည် နယ်လှည့်ပညာသင်ပေးသူဆရာများထံ သွားပြန်ပါသည်။ ထိုသူတို့အထဲမှ တဦးက သူနှင့် သုံးရက်နေပြီးသော်၊ "မင်း ငါ့ကို ကျူရှင်ဖိုး တကယ်ပေးမည်ဆိုမှ ဆက်သင်မည်"ဟု ပြောလာပါသည်။ ဂျပ်စတင်၏ရပ်တည်ချက်မှာ အကယ်၍ ဆရာသည် ပိုက်ဆံကို သူသင်ပေးသောပညာအရာထက် ပို၍ဂရုစိုက်နေလျှင်၊ သူ၏ဝိညာဉ်ထဲမှ နာကျင်ခြင်းကို ကုသပေးဖို့ ပညာကို မည်သို့ပေးနိုင်မည်နည်း? ဟူ၍ဖြစ်ပါသည်။

ထို့နောက် ပိုက်သာဂိုရီယာန်အတွေးအခေါ်ဂိုဏ်း (ပိုက်သာဂိုရပ်စ်[ဘီစီ ၅၇၀ – ၄၉၀]ဆိုသော ဂရိအတွေးအခေါ်ပညာရှင်၏နောက်လိုက်များ)သို့ ဆက်သွားပါသည်(ဂျပ်စတင် သူတို့ထံသွားရောက်ချိန်သည် အေဒီ ၁၀၀ ခန့်ဖြစ်သဖြင့် ထိုဂိုဏ်း၏သက်တမ်းသည် နှစ်ပေါင်း ၅၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း စာဖတ်သူ သတိပြုမိမည်ဟု ယုံကြည်ပါသည် – ဘာသာပြန်သူ)။ သူတို့က သူသည် မြူးဇစ်(ဂီတ)၊ နက္ခတ္တဗေဒ(ကြယ်နှင့်ဂြိုဟ်များကိုလေ့လာခြင်း)၊ ဂျီဩမေတြီပညာ(သင်္ချာ) စသည်တို့ကို ကျွမ်းကျင်စွာတတ်မြောက်ပြီးမှသာ ကူညီနိုင်မည်၊ အဘယ့်ကြောင့်ဆိုသော် အမှန်တရားကို ထိုအတတ်ပညာတို့အား ကျွမ်းကျင်ပိုင်နိုင်ခြင်းမှတဆင့် သာ သိနိုင်မည်ဟု ပြောကြပါသည်။

ထို့နောက် သူသည် ရှေးဟောင်းဂရိအတွေးအခေါ်ကျောင်းတခုကို ရှာတွေ့ပြန်သည်၊ ၎င်းကို ပလေတိုဝါဒ(Platonism)ဟု ခေါ်ပါသည်၊– ၎င်းနှင့်ပတ်သက်၍ ဂျပ်စတင်က၊ "ဤအတွေးအခေါ်တွင် ငါသည် မကြာမီ ဘုရားသခင်ကို အလိုလိုသိခြင်း အသိပညာအား ရတော့မည်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ပလေတိုအတွေးအခေါ်၏ အဓိကရည်မှန်းချက်သည် ထိုအချက်ပင်မဟုတ်ပါလား? ထိုအတွေး၏လွှမ်းမိုးမှုအောက်တွင် ကျွန်တော်သည် လူသူမရှိတိတ်ဆိတ်သောနေရာတခုသို့ သွားရမည်၊ ကမ္ဘာကြီး၏ ဆူညံမှုများနှင့်ဝေးရာ၊ နက်နဲစွာ အာရုံစိုက် တွေးခေါ်ဆင်ခြင်နိုင်မည့်နေရာ ဖြစ်ရမည်ဟုသဘောပေါက်ရသည်၊ ထို့ကြောင့် ပင်လယ်ကမ်းဘေးတနေရာကို ကျွန်တော်ရွေးချယ်ခဲ့ပါသည်"ဟု ပြောပြခဲ့ပါသည်။

ထိုအချိန်တွင် ဂျပ်စတင်သည် ဖေက်မြို့နားဝန်းကျင်တွင် ရောက်နေချိန် ဖြစ်ပါလိမ့်မည်။ အာရှမိုင်းနားဒေသမှ မြို့တမြို့၊ ပင်လယ်နှင့်အနီးကလေး၊ ထို့အတူ ရှင်ပေါလု တည်ထောင်ခဲ့သော အသင်းတော်တခုနှင့်လည်း အနီးကလေးဖြစ်ပါသည်။ ပင်လယ်ကမ်းဘေးတွင် ဂျပ်စတင် နက်နဲစွာတွေးတောနေစဉ်၊ အဖိုးအိုတဦး သူ့နားရောက်လာကာ သူနှင့်စကားစမြည် ပြောဆိုပါသည်။ ထိုအဖိုးအိုသည် ခရစ်ယာန်တဦးဖြစ်ပါသည်။ ဂျပ်စတင်သည် ထိုအဖိုးအိုနှင့်အတူ သူ၏ချစ်ရသော အတွေးအခေါ်အား ခုခံကာကွယ်ရန် အပြင်းအထန်ငြင်းခုံပါသည်။ သို့သော် အဖိုးအိုထံမှ ကန့်ကွက်ငြင်းခုံခြင်းကို အပြန်အလှန်သိပ်မရပါ။ နောက်ဆုံးတွင် အဖိုးအိုက တုံးတိတိနှင့် ဤသို့ဖြတ်ပြောပါသည် "မင်းဟာ အလားသက်သက် စကားလုံးတွေနဲ့ဆော့နေသူဘဲ၊ ဒါပေမဲ့ အမှန်တရားနဲ့ လက်တွေ့အသက်ရှင်မှုကိုတော့ ချစ်မြတ်နိုးသူမဟုတ်ဘူး၊ မင်းရည်မှန်းချက်က ကောင်းမြတ်ခြင်းကို ကျင့်သုံးဖို့မဟုတ်ဘူး၊ ကျွမ်းကျင်တဲ့အငြင်းသမားဖြစ်ဖို့ဘဲ၊ ကောက်ကျစ်တဲ့ ဆိုဖစ်(ဒဿနပညာရှင်အတု)ဖြစ်လာဖို့ဘဲ။" နောက်ဆုံးတွင် ဂျပ်စတင်က အဖိုးကို မေးပါသည်၊ "ဒါဆိုရင် အမှန်တရား ဘယ်မှာရှိသလဲ?" အဖိုးအိုက ပြန်ဖြေပါသည်၊ "ကျမ်းစာကိုဖတ်ပါ၊ ပြီးတော့ အလင်းရဲ့ဂိတ်တံခါးတွေ မင်းစီမှာ ပွင့်လာကြဖို့ ဆုတောင်းပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်နဲ့ သူ့ခရစ်တော်က နားလည်ဖို့ အခွင့်မပေးရင် ဘယ်သူမှ အမှန်တရားနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို မသိနိုင်ကြဘူး၊ နားလည်းမလည်နိုင်ကြဘူး။"

ကျွန်တော်တို့သည် အခြားသူများထံ အမှန်တရားကို သက်သေခံဖို့ အကြိမ်များစွာ ရှက်နေတတ်ကြပါသည်၊ ကျွန်တော်တို့ပေးလေ့ရှိသည့် ဆင်ခြေမှာ ကျွန်တော်တို့နှင့် ငြင်းခုံမည့်သူများသည် ကျွန်တော်တို့ထက် အသိပညာတွင် မြင့်မားကြသည် ဟူ၍ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်ပါစေ၊ တမန်တော်ကြီးများလွန်ခေတ် အသင်းတော်မှ ဘုရားသခင့်လူများက သက်သေခံကြသဖြင့်သာ ထိုမျှလောက်လျှင်မြန်အောင် ဧဝံဂေလိတရားသည် မြေထဲပင်လယ်တဝိုက်တွင် ပြန့်နှံ့ခဲ့ရခြင်းဖြစ်ကြောင်းသည် အံ့ဩစရာအမှန်တရားဖြစ်ပါသည်။ ထိုခေတ်က တမန်တော်ရှင်ပေါလု၏ သာသနာပြုလုပ်ငန်းကြီးများ ပြီးသောအခါ၊ မည်သည့်သာသနာပြုသူမှ မရှိခဲ့ပါ။ သစ္စာရှိကြသော၊ အများအားဖြင့် ပညာမတတ်ကြသော ဘုရားသခင့်လူများက အမှန်တရားနှင့်ပတ်သက်၍ သက်သေခံကြကာ၊ ကယ်တင်ခြင်းကို ရကြသော မိမိတို့ဘဝများ၌ ဝမ်းမြောက်စွာအသက်ရှင်ကြခြင်းဖြင့် ထိုခေတ်ကကမ္ဘာကြီးသို့ ဧဝံဂေလိတရားကို ဖြန့်ဖြူးခဲ့ကြပါသည်။ ဤနေရာတွင် ထိုအမှန်တရားကို တွေ့နေရပါသည်၊– ပညာတတ်ဂျပ်စတင်ကို ဖေက်မြို့အနီး ပင်လယ်ကမ်းစပ်တွင် ရိုးသားသော၊ ကလေးငယ်နှင့်တူသော အဖိုးအိုက မိမိအပြစ်များကို မြင်လာအောင်၊ ဒူးထောက်လာအောင် ပြောပြပေးနိုင်ခဲ့ပါသည်။

ခရစ်ယာန်တို့သက်သေခံခြင်း၏ လွှမ်းမိုးမှုသည် အလွန်အရေးကြီးကြောင်း ဂျပ်စတင်၏ပြောင်းလဲမှု ရှုထောင့်နောက်တနေရာတွင် တွေ့ရပါသည်။ ၎င်းကို ဂျပ်စတင်ကိုယ်တိုင်က နောက်ပိုင်းသူရေးသားသော စကားပြေအရေးအသားများတွင် ဖေါ်ပြခဲ့ပါသည်။ သူမပြောင်းလဲခင် သူ့ဝိညာဉ်ကို အနားမရအောင် ဆွနေသော အကြောင်းအရာအချို့တို့မှာ၊ ခရစ်တော်ကိုဝန်ခံကြသဖြင့် အသတ်ခံကြရသော၊ မိမိတို့ယုံကြည်ခြင်းကြောင့် အပြင်းအထန် နှိပ်စက်ညှင်းဆဲခြင်းကို ခံကြရသော ခရစ်ယာန်တို့၏ မတွန့်ဆုတ်သောယုံကြည်မှုပင်ဖြစ်သည်။ ထိုသို့ လူထုကြီးရှေ့မှောက်တွင် သတ်ဖြတ်ညှင်းဆဲမှုများကို သူ မကြာခဏ တွေ့မြင်ခဲ့ရပါသည်။ ထိုသို့သောအဖြစ်အပျက်များတွင် စိတ်ချအားထားရသောမိန်းမငယ်များ၊ သက်ကြီးရွယ်အိုများ၏ အသက်စွန့်ခြင်းများက သူ့ကို နက်ရှိုင်းစွာ အထင်ကြီးလေးစားမှုကို ဖြစ်မိစေပါသည်။ သူသည် လျှို့ဝှက်စွာဖြင့် ထိုသို့သောအဖြစ်ဆိုးများကို ကြုံတွေ့ကြရသော်လည်း ထိုသို့သစ္စာရှိရလေအောင် မည်သို့သောခွန်အားမျိုးသတ္တိမျိုးသည် ထိုသူတို့ထံတွင် ရှိနေပါသနည်း?ဆိုသည်ကို အမြဲတွေးမိလေ့ရှိသည်ဟု ဂျပ်စတင်က ပြန်ရေးပြခဲ့ပါသည်။ ထိုသို့သော သက်သေခံခြင်းသည် အရေးကြီးပါသည်။

ကယ်တင်ခြင်း၏တန်ခိုးသည်၊ ယုံကြည်ခြင်းကို ကျလောက်အောင် ပြောဆိုကာကွယ်နိုင်ခြင်းတန်ခိုး မဟုတ်ပါ၊ ဘုရားသခင်၏တန်ခိုးပင် ဖြစ်ပါသည် – ဘုရားသခင်က လူသားတို့၏နည်းလမ်းများကို အသုံးပြုရန်အလိုရှိခဲ့လျှင်လည်း၊ ကယ်တင်ခြင်း၏တန်ခိုးသည် ဘုရားသခင်၏တန်ခိုးသာ ဖြစ်ပါသည်။

## ခရစ်ယာန်ယောက်ဖြစ်လာသော သူ့ဘဝ

ဂျပ်စတင် ခရစ်ယာန်ဖြစ်လာပြီးနောက်၊ ခရစ်တော်၏အသင်းတော်သို့ ဝင်ရောက်ပါသည်။ ရောမအင်ပါယာတခွင်သို့ ဆက်လက်လှည့်လည်ကာ စာရေးခြင်း၊ သင်ပေးခြင်းတို့ကို ဆက်လက်လုပ်ကိုင်ပါသည်။

ထိုခေတ်က ကျောင်းများသည် ယနေ့ခေတ်ကျောင်းများနှင့် မတူပါ။ တတ်စွမ်းသော၊ ပညာရှိသောသူတယောက်(တခါတရံ ဘာမှမတတ်သော တေနုန်းယောက်လည်းဖြစ်တတ်ပါသည်)သည် မြို့တမြို့သို့ ရောက်လာမည်၊ ထို့နောက် သင်ပေးခြင်းကို စပါတော့သည်။ သူ၏သင်ပေးခြင်းများသည် ထိုက်တန်သည်ဟု ယူဆကြသည့်အခါ၊ သူသည် ကျောင်းသားတစုကို ရလာပါသည်။ အကယ်၍ သူသည် အလွန့်အလွန်ထူးခြားသူဖြစ်လျှင်၊ သူသည် အမြဲတမ်းကျောင်းတကျောင်းကို တည်ထောင်ကောင်း တည်ထောင်နိုင်ပါလိမ့်မည်။ ထိုအခါ သူသေသွားခဲ့လျှင်ပင် သူ့တပည့်များက ကျောင်းကိုဆက်လက် တည်ရှိစေကြမည်ဖြစ်သည်။

ဂျပ်စတင်တယောက် ထိုသို့သောအသက်မွေးမှုဖြင့် သွားလာနေခဲ့ခြင်းဖြစ်သည်။ သို့သော်၊ သူသည် အမြဲတမ်းကျောင်းတခုကို တည်ထောင်ဖို့ရန် မည်သည့်အခါတွင်မျှ မရည်ရွယ်ပါ။ ထိုမှခြားနားစွာ သူသည် သူ၏စွမ်းနိုင်မှုနှင့်အသိပညာကို အသုံးပြုလျှက် ဘုရားသခင့်နှုတ်ကပတ်တော် အမှန်တရားများကို အခြားသူများထံ သင်ပေးလိုခြင်းဖြစ်သည်၊ ခရစ်ယာန်ယုံကြည်ခြင်းကို အခြားသူများထံ သင်ပေးလိုခြင်းသာဖြစ်သည်။ အကြိမ်မြောက်များစွာ အခွင့်ရသည်ဆိုလျှင်၊ ရှပ်တုကိုးကွယ်ခြင်းဘာသာရေးများကို ခုခံကာကွယ်သူတို့နှင့်၄င်း၊ အတွေးအခေါ်ပညာရှင် ဖီလိုဆိုဖာတို့နှင့်၄င်း လူထုကြီးရှေ့တွင် စကားစစ်ထိုးငြင်းခုံခြင်း(ဒီဘိတ်) ပြုလုပ်လေ့ရှိပါသည်။ ထိုသို့ပြုလုပ်ခြင်းက နောက်ဆုံးတွင် သူ့ကို မာတုရ(အာဇာနည်)အဖြစ် သေဆုံးခြင်းသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

တချိန်တည်းတွင် သူသည် စာ အမြောက်အများကိုလည်း ရေးသားခဲ့သည်။ သူရေးခဲ့သောစာများထဲမှ အချို့တို့သည် ဖျက်ဆီးခံရချိန်များ ကြုံတွေ့ခဲ့သော်လည်း ယနေ့တိုင်အောင် တွေ့နိုင်ပါသေးသည်။ သူသည် ခရစ်ယာန်ယုံကြည်ခြင်းကို မိမိ၏စာရေးနိုင်ခြင်းအတတ်ပညာအားဖြင့် ပထမဆုံးခုခံကာကွယ်ကာ၊ ဝေဖန်ပုတ်ခတ်သူများကို အဖြေပေးခဲ့သူများထဲမှ တဦးဖြစ်ပါသည်။ သူ၏ရေးသားခြင်းများသည် ထိမိလွန်းလှသဖြင့် နောက်ပိုင်းတွင် သူ့ကို အပိုလောဂျစ်(ယုံကြည်ခြင်းအားခုခံကာကွယ်သူ)ဟု ခေါ်ခဲ့ကြပါသည်။

သူ၏စာများကို ခြုံငုံလေ့လာခြင်းဖြင့် သူဘာလုပ်ခဲ့သည်ဆိုသော အိုင်ဒီယာအနည်းငယ်ကို သင် သိနိုင်ပါမည်။ သူသည် ရှပ်တုကိုးကွယ်ခြင်း၏ ရယ်စရာကောင်းခြင်း၊ ဘုရား(၁၅)ပါး (သို့) (၁၂)ပါး ကိုးကွယ်ခြင်းသည် လုံးဝစဉ်းစားဉာဏ်ကင်းမဲ့ခြင်း ဖြစ်သည်ကို ထောက်ပြကန့်ကွက် ရေးသားခဲ့ပါသည်။ ရှပ်တုကိုးကွယ်ခြင်းသည် စစ်မှန်သောဘာသာရေးတခု မဖြစ်နိုင်၊ အဘယ့်ကြောင့်ဆိုသော် ၄င်းကိုးကွယ်ခြင်းက အင်မတန်ဆိုးရွားသော ကိုယ်ကျင့်တရားပျက်ပြားမှုကို ရောမအင်ပါယာထဲတွင် ပေါ်ထွက်စေသည်ဟု ပြတ်သားသောအချက်ကို ထုတ်ဖော်ခဲ့သည်။ ထိုခေတ် ရှပ်တုဆင်းတုကိုးကွယ်သော ရောမအင်ပါယာကြီးသည်၊ ကိုယ်ကျင့်တရားပေါက်ပြန်မှုမျိုးစုံဖြင့် သေတော့မည်ဖြစ်သည်၊ မိမိ၏စွမ်းအားများအားလုံးကို ကောင်းကင်အောက်တွင် ဖြစ်နိုင်သမျှသော ဆိုးရွားလှသည့် ဆိုးညစ်ခြင်းများအား ခွင့်ပြုခြင်းဖြင့် ဖြုန်းတီးနေခဲ့ပါသည်။

ထိုအခါ ရှပ်တုကိုးကွယ်သူတို့သည် ခရစ်ယာန်တို့ကို စတင် ပူပန်ကြောက်လန့်လာကြသည်၊ အဘယ့်ကြောင့်ဆိုသော် ၄င်း ၏ တကမ္ဘာလုံးသို့လျှင်မြန်စွာ ပြန့်ပွားနေမှု၊ လူတန်းစားမျိုးစုံမှ ပြောင်းလဲသူများကို ရရှိနေမှုတို့ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ပြင်းထန်ရက်စက်စွာ ခရစ်ယာန်ဘာသာကို စတင်ထိုးနှက်တိုက်ခိုက်ပါတော့သည်။ ရောမအင်ပါယာပြည့်ရှင် ကေရာဇ်ဆီဇာကို မကိုးကွယ်မှုဖြင့် ခရစ်ယာန်တို့သည် ဒိဋ္ဌိများဖြစ်သည်ဟု စွပ်စွဲကြပါသည်။ ဆီဇာကေရာဇ်ထက် မြင့်သောဘုရင်ရှိသည်ဟု ပြောဆိုသဖြင့် ခရစ်ယာန်တို့ကို နိုင်ငံတော်ပုန်ကန်မှုဖြင့် စွပ်စွဲပြန်သည်။ အတော်ထူးဆန်းစွာ ခရစ်ယာန်တို့ကို လူသားစားသူများဟု စွပ်စွဲခဲ့ကြသည်၊ အဘယ့်ကြောင့်ဆိုသော် ခရစ်ယာန်တို့ ညစာပွဲတော်မင်္ဂလာကျင်းပကြချိန်၌ မုန့်ကို ခရစ်တော်၏အသားအဖြစ်၄င်း၊ စပျစ်ရည်ကို သူ၏အသွေးအဖြစ်၄င်း ပြောဆိုကြ၍ဖြစ်သည်။ ထို့အပြင် ခရစ်ယာန်တို့ကို ကိုယ်ကျင့်တရား ဖေါက်ပြားသူများဟု စွပ်စွဲကြပြန်သည်။ အဘယ့်ကြောင့်ဆိုသော် “ချစ်ခြင်းပွဲတော်”ဟုခေါ်ဆိုကာ၊ အချင်းချင်း ချစ်သည်ကို ပြသသည့်အနေနှင့် စုဝေးကာ စားသောက်စရာများ၊ ပစ္စည်းများကို တဦးနှင့်တဦး ဝေငှကြသောကြောင့်ဖြစ်သည်။ ထိုသို့ပြုခြင်းကို အုပ်စုလိုက် လိင်ဆက်ဆံကြသည်ဟု လွဲမှားစွာအနက်ဖွင့်ကြပြန်ပါသည်။ ထိုသို့သော မိုက်မဲသော၊ ရိုင်းစိုင်းသော စွပ်စွဲမှုများကို ဂျပ်စတင်က တခုချင်း သေချာစွာ၊ စိတ်ရှည်စွာ ပြန်လည်ဖြေကြားရေးသားခဲ့ပါသည်။

ထို့အပြင် သူသည် ခရစ်ယာန်ဘာသာ၏အမှန်တရားများကို သက်သေပြရေးသားခြင်းများကိုလည်း လုပ်ဆောင်ခဲ့ပါသည်။ အထူးသဖြင့် နည်းလမ်း(၂)မျိုးဖြင့် ရေးသားခဲ့သည်၊ က) ဓမ္မဟောင်းကျမ်းမှ ပရောဖက်များကို ပြည့်စွန်လျှက် သူတို့၏ ကြိုတင်ရေးသားခဲ့ခြင်းများသည် ခရစ်တော်၏လုပ်ဆောင်မှုများတွင် မည်ကဲ့သို့ပြည့်စုံကြသည်ကို ပြသခဲ့သည်။ ထိုအချက်သည် ကျွန်တော်တို့၏ ဘဲလ်ဂျစ်ခံယူယုံကြည်ချက် စာပိုဒ် (၅)၏ ကျမ်းစာ၏ဩဇာအာဏာကို ခုခံကာကွယ်ချိန် ပြောထားသည်နှင့်တထပ်တည်းကျသည် မှာ အံ့သြစရာကောင်းလှပါသည်။ ခ) အထူးသဖြင့် မကြာခင်လေးမှ ရေးသားပြီးစီးခဲ့သော၊ လူသိသိပ်မများသေးသော ဓမ္မသစ်ကျမ်းစာ၏ဖေါ်ပြချက် အံ့သြစရာနိမိတ်လက္ခဏာများကို ကိုးကားလျှက် ခရစ်ယာန်ယုံကြည်ခြင်း၏ စစ်မှန်မှုလက္ခဏာကို သက်သေပြခဲ့ပါသည်။ သခင်ဘုရားက အံ့သြစရာများလုပ်ကိုင်နိုင်ခြင်းကို အစပျိုးအသင်းတော်သို့ပေးခဲ့သည်ကို သက်သေအဖြစ်ယူခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်ပါစေ၊ ယနေ့ချိန်စံနှုန်းများအရ၊ ဂျပ်စတင်ကို မှားယွင်းခြင်းသင်ပေးသောဆရာအဖြစ် ပြောလျှင် ရနိုင်ပါမည်။ သို့သော် သူ့ကို ထိုသို့မခေါ်သင့်ပါ၊ အဘယ့်ကြောင့်ဆိုသော် အသင်းတော်ဖြစ်တည်ခါစဖြစ်သဖြင့် အမှန်တရားများကို ပြည့်စုံစွာ မသိခဲ့သောကြောင့်ဖြစ်ပါသည်။ ထိုသို့အသိပညာ မပြည့်စုံသေးသဖြင့် အမှားများကို ပြောခဲ့ကြခြင်းဖြစ်သည်။ ထိုအချက်မှာ ဂျပ်စတင်က မယုံကြည်သူအတွေးအခေါ်ပညာရှင်များက အမှန်တရား၏မျိုးစေ့ကို မိမိတို့နှလုံးသားများတွင် ပိုင်ဆိုင်ကြသည်၊ ထိုမျိုးစေ့သည် ခရစ်တော်ပင်ဖြစ်သည်၊ ယောဟန်ပြောသော နှုတ်ကပတ်တော်(လောဂေါ့စ်)ဖြစ်သည်ဟု ယုံကြည်ခဲ့ပါသည်။ ထိုအတွေးခေါ်ရှင်များက ထိုအမှန်တရားမျိုးစေ့ကို ပိုင်ဆိုင်ကြသဖြင့်၊ ၄င်းတို့ထဲမှ အကောင်းဆုံးတွေးခေါ်ရှင်များသည် ခရစ်တော်မပါဘဲ၊ ကယ်တင်ခြင်းရနိုင်ကြပါမည်ဟု ဂျပ်စတင်က ယုံကြည်ခဲ့သည်။ ထိုအမှန်တရားမျိုးစေ့သည် သူတို့၏ဖီလိုဆိုဖီအတွေးအခေါ်များ၌ ထွက်ပေါ်လာသည်ဟု ထင်မြင်ခဲ့ပါသည်။

ထိုသို့ထင်ခြင်းသည် မှားပါသည်။ သို့သော် ယနေ့ခေတ်တွင်လည်း မိမိတို့ကိုယ်ကို ရီဖေါ့မ်ယုံကြည်သူများဟု ပြောနေကြလျှက် ထိုသို့သင်နေကြသူများ ရှိနေကြပါသည်။

**သူ၏မာတုရ(အာဇာနည်)ဖြစ်လာခြင်း**

ဂျပ်စတင် "မာတား"ဆိုသော မာတုရ(အာဇာနည်)အမည်ကို ရရှိဖို့အချိန် ရောက်လာပါသည်။ ထိုအမည်ကို အသင်းတော်က သူ၏မာတုရ(အာဇာနည်)အဖြစ် အသေခံခြင်းကို လေးစားဂုဏ်ပြုသည့်အနေနှင့် ပေးခဲ့ခြင်းဖြစ်သည်။

သူ၏ခရီးသွားလာခြင်းများတွင် သူသည် ရောမမြို့တော်သို့ နှစ်ကြိမ်ရောက်ရှိခဲ့သည်။ ဒုတိယအကြိမ်တွင် သူသည် ရုပ်တုကိုးကွယ်သော ဖီလိုဆိုဖာတွေးခေါ်ရှင်တဦးကို ဒေါသထွက်စေခဲ့သည်။ ဒေါသထွက်ရခြင်းမှာ ဂျပ်စတင်ကို အနိုင်မငြင်းနိုင်သောကြောင့်ဖြစ်သည်။ မငြင်းနိုင်၍ သတ်ဖို့ကြံပါသည်။ ထိုသို့ဖြင့် ထိုသူက အာဏာပိုင်တို့ထံ ဂျပ်စတင်သည် ခရစ်ယာန်ဖြစ်သည်၊ ဆိုးရွားသောပြစ်မှုများကို ကျူးလွန်သည်ဟု သတင်းပို့တော့သည်။ ဂျပ်စတင်ကို တရားသူကြီးများရှေ့ ဆင့်ခေါ်၍ အမှုစစ်ကြသည်။ ထိုအမှုစစ်ခြင်းမှတ်တမ်းက ဘုရားသခင့်လူများ၏ နှလုံးသားများကို လှုပ်ရှားနိုးထစေပါသည်။ ဂျပ်စတင်ပြသခဲ့သော သစ္စာရှိမှု၊ ရဲရင့်မှုတို့က ခရစ်တော်အတွက် နှိပ်စက်ညှင်းဆဲခံရခြင်းကို မသိကြသူ ကျွန်တော်တို့အား အလွန့်အလွန် စိတ်ထိခိုက်စေပါသည်။

သို့သော် လွန်ခဲ့သောနှစ်ပေါင်းများစွာက ရေးခဲ့သောအကြောင်းအရာတို့သည် ဤသို့အဆုံးသတ်ပါသည်၊– "ပြည့်စုံသော ရတ်တိယပ်စ် တရားသူကြီးက ဤသို့အမိန့်ချမှတ်သည်၊ နတ်ဘုရားတို့သို့ ယဇ်ပူဇော်ဖို့ ငြင်းဆန်သူတို့သည်၊ အင်ပါယာပြည့်ရှင်ကေဇာ၏အမိန့်ကို မလိုက်နာသူတို့သည် ကျာပွတ်နှင့်ရိုက်ခြင်းကိုခံစေ၊ ထို့နောက် ဥပဒေအတိုင်း ခေါင်းဖြတ်သတ်ရန် ခေါ်ထုတ်သွားစေ။" သန့်ရှင်းသောအာဇာနည်တို့သည် ဘုရားသခင်အား ဘုန်းထင်ရှားစေကြလျက်၊ စီရင်မည့်အရပ်သို့ ဦးဆောင်ထွက်သွားကြပါသည်၊ ထိုနေရာတွင် ခေါင်းဖြတ်ခံကြရပါသည်၊ ကယ်တင်ရှင်အား ဝန်ခံချက်ပြုကြခြင်းကို ထိုသို့ ပြည့်စုံစေကြသည်။ အခြားသန့်ရှင်းသူတို့က သူတို့ကိုယ်ခန္ဓာများကို တိတ်တစိတ်ခိုးယူကြလျက်၊ သင့်တော်သောနေရာများတွင် မြှုတ်နှံလေ့ရှိကြပါသည်။ ကျွန်တော်တို့သခင်ယေရှုခရစ်၏ ကျေးဇူးတော်သည် သူတို့ထံတွင် အမြဲရှိနေပါသည်၊ ခရစ်တော်ထံတော်၌ ဘုန်းကျက်သရေသည် ထာဝရကာလတိုင်အောင် ရှိနေပါစေသတည်း။ အာမင်။

(Portraits of Faithful Saints, Prof. Herman Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

××××××××××××××××××××××××××××××

**<u>ဆင်ခြင်တွေးတောခြင်းကဏ္ဍ</u>**

## အသက်ရှင်ခြင်းလမ်းအားသိရခြင်း၏ကောင်းချီးမင်္ဂလာ

(The Blessed Knowledge of the Path of Life)

"အသက္ရွင္ျခင္းလမ္းကို ျပသေတာ္မူလိမ့္မည္။ အထံေတာ္၌ စံုလင္ေသာဝမ္းေျမာက္ျခင္းအခြင့္ႏွင့္ လက္်ာေတာ္နားမသာ အစဥ္မျပတ္ေပ်ာ္ေမြ႕ျခင္း အခြင့္ရွိပါ၏။" **ဆာလံ ၁၆း၁၁**

ဆာလံ ၁၆ သည် မေရှိယ(သခင်ယေရှု)အကြောင်းအဓိကပြောသေ ဆာလံဖြစ်သည်။

၎င်းကို တမန်တော်ဝတ္ထု(၂)တွင် ကိုးကားထားသည်၊ ခရစ်တော်၏ဝိညာဉ်တော် သွန်းလောင်းခြင်းပြီးသည်နှင့် ပေတရု ကဂျူးနှင့်တပါးအမျိုးသားတို့ထံ တရားဟောချိန်ကဖြစ်သည်။ (တမန် ၂း၂၅–၂၈)

ထိုသို့ ဘုရားသခင့်လှုံ့ဆော်ခြင်းခံရသူ ဓမ္မသစ်ရေးသားကြသူများက ဓမ္မဟောင်းကျမ်းစာမှ ကျမ်းပိုဒ်တခုခုအား အနက်ဖွင့်ကြသည်ကို ဖတ်ရသည့်အခါ ကျွန်တော်တို့ကို အံ့အားသင့်စေသည်ကြပါသည်။ ဆာလံ ၁၆ ကို သင်ဖတ်ကြည့်ပါ၊ ဒါဝိတ်၏ တွေ့ကြုံခံစားရမှုများကို ကြားရပါလိမ့်မည်။ သို့သော် ပေတရုပြောသည်ကို ဖတ်ကြည့်ပါ၊ တကဲ့အကြောင်းအရာသည် သခင်ယေရှုခရစ်တော်ဖြစ်ကြောင်း တွေ့ရပါမည်။ ထိုသို့ဖြစ်ခြင်းသည် ဆာလံ ၁၆ တွင်သာမကပါ၊ အခြားကျမ်းစာပိုဒ်အတော်များများတွင်လည်း ထိုသို့တွေ့ရပါသည်။ ဤပေတရု၏အနက်ဖွင့်ခြင်းသာ ကျွန်တော်တို့တွင် မရှိခဲ့လျှင်၊ ကျွန်တော်တို့သည် ဤကျမ်းပိုဒ်တွင် သခင်ယေရှုခရစ်တော် ပါဝင်ပတ်သက်နေကြောင်းကို သိနိုင်ကြတော့မည်မဟုတ်ပါ။ အမှန်ပြောရလျှင်၊ ဘုရားသခင့်သိုးသငယ်၏ ဝေဒနာခံစားရခြင်းအကြောင်းများကို ကျွန်တော်တို့သည် ဓမ္မသစ်ကျမ်းမှထက်၊ ဓမ္မဟောင်းကျမ်းတွင် ပို၍ဖတ်ကြရပါသည်။ ဥပမာ – ဆာလံ ၂၂။

ကျွန်တော်ရွေးသောကျမ်းပိုဒ်သည် ဧဝံဂေလိတရား၏နှလုံးသားနှင့် အတော်လေးကိုနီးကပ်စွာ ဆက်နွယ်နေပါသည်။ ဒါဝိတ်က လက်တွေ့အသက်ရှင်ခဲ့သည်၊ သခင်ခရစ်တော်က ပြည့်စုံစေပါသည်။

နိဂုံးချုပ်ရလျှင် ဤသို့ဖြစ်သည် – သခင်ခရစ်တော်၏လမ်းသည် အသက်ရှင်ခြင်းလမ်းဖြစ်ပါသည်။ ထိုအသက်ရှင်ခြင်းလမ်းတွင် ပထမအနေနှင့်၊ ဘုရားသခင့်ရှေ့တော်မှောက်၌ ပျော်ရွှင်နေခြင်း၊ ဒုတိယအနေနှင့် ဘဝ၏ချို့မြိန်ခြင်းများကို ဘုရားသခင့်လက်ျာဖက်တွင်တွေ့ရခြင်း စသည်တို့ပါဝင်ပါသည်။ "ပျော်ရွှင်မှု"ဟုဘာသာပြန်သောစကားလုံးသည် မူရင်းဟီဗရူးဘာသာတွင် "ချို့မြိန်ခြင်း"ဆိုသောစကားလုံးမှ ဆင်းသက်လာကြောင်းတွေ့ရပါသည်။ "နောမိ"ဆိုသောအမည်သည် ထိုစကားလုံးမှဆင်းသက် လာသောအမည်ဖြစ်ပါသည်၊ တကယ့်အဓိပ္ပါယ်မှာ "ငါ့ချို့မြိန်ခြင်း"ဖြစ်ပါသည်။

。。。。。。。

အသက်ရှင်ခြင်းလမ်း။

အသက်ရှင်ခြင်းဆိုသည်မှာ ဘုရားသခင့် ကောင်းမြတ်ခြင်းတခု ဖြစ်ပါသည်။ အသက်ရှင်သောဘုရားသခင် ဆိုသည်မျိုး အမြဲဖတ်ရပါသည်။ (သို့) အသက်ကိုပိုင်သောဘုရားသခင်ဟုလည်း ဖတ်ရပါသည်။

ထိုအချက်သည် ဘုရားသခင့်အဖြစ်တော်ထဲရှိ ဆက်နွယ်မှုတမျိုးဖြစ်ပါသည်။ ဘုရားသခင်သည် ဘုရားသခင်ကို အမြဲ ရှာဖွေတော်မူပါသည်။ ထိုအရာသည် အသက် ဖြစ်သည်။ ဤသို့လည်း သင် ပြောနိုင်ပါဦးမည်၊– အသက်ရှင်ခြင်းဆိုသည်မှာ ဘုရားသခင်၏ သန့်ရှင်းသော မိမိကိုယ်ကိုချစ်ခြင်းဖြစ်သည်။

ဘုရားသခင်သည် ထိုအသက်ရှင်ခြင်းလမ်းပေါ်တွင် ထာဝရကာလမှ ထာဝရကာလတိုင် လျှောက်လှမ်းနေတော်မူပါသည်။ သင်ဤသို့ သီချင်းဆိုသည်မဟုတ်ပါလော? "ဘုရားသခင်နှင့် ကင်းကွာ၍ အသက်ရှင်ခြင်းသည် သေခြင်းဖြစ်သည်၊ ထို့ကြောင့် မျက်နှာတော်ကို ရှာဖွေခြင်းသည် ကောင်းမြတ်လှပါသည်။" ထိုနောက်ဆုံးပိုဒ်သည် အသက်ရှင်ခြင်းကို အကောင်းဆုံးအနက်ဖွင့်ဆိုမှုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအရာသည် ဘုရားသခင်က အတိအကျ လုပ်နေသောအရာ ဖြစ်သည်။ ဘုရားသခင်သည် မိမိမျက်နှာတော်ကို အမြဲရှာဖွေပါသည်၊ မျက်နှာတော်ဆိုသည်မှာ သူ၏သားတော်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် ဘုရားသခင်ကို ရှာဖွေတော်မူပါသည်။

အသက်ရှင်ခြင်းသည် ဘုရားသခင်၏ ဖန်ဆင်းခံထဲတွင် ရှိနေပါသည်၊ လူ၊ တိရိစ္ဆာန်နှင့် အပင်။

ဖန်ဆင်းခံထဲရှိ ထိုလှုံ့ဆော်ခြင်းဆန္ဒ(urge)ဖြစ်ပါသည်၊ ထိုအာသီသဖြင့် အရာအားလုံးသည် အသက်၏တကယ့်အရင်းအမြစ်ဖြစ်သော ဘုရားသခင်ထံဖက်သို့ အဆက်မပြတ် ရွေ့လျားနေကြသည်။ ထိုသို့ရွေ့လျားကြသည့်အခါ သိလျက်နှင့်ကော၊ မသိဘဲနှင့်ပါ လှုပ်ရှားနေကြခြင်းဖြစ်သည်။ စနစ်တကျ၊ ရုပ်ဝတ္ထုပစ္စည်းများဖြစ်စေ၊ ဝိညာဉ်များဖြစ်စေ လှုပ်ရှားနေကြပါသည်။

ထိုလမ်းတွင် အကြောင်းအရာသုံးမျိုး ပါဝင်နေသည်၊– နည်းစနစ်၊ ဦးတည်ချက်/လားရာနှင့် ပန်းတိုင် တို့ဖြစ်ကြသည်။ သင် လမ်းကို အသက်ရှင်ခြင်းနှင့် ဆက်နွယ်၍ကြည့်လိုက်သောအခါ၊ ၎င်းသည် နှလုံးသား၏ကိစ္စတမျိုး ဖြစ်လာပါသည်။ လူနှင့် ပတ်သက်၍ ပြောနေခြင်းဖြစ်သည်။ နှလုံးသားမှနေ၍၊ စိတ်မှတဆင့်၊ အလိုဆန္ဒမှတဆင့်၊ သူ၏တာဝန်ဝတ္တရားအားလုံးနှင့် လူသည် ဘုရားသခင်ဖက်သို့ ရွေ့လျားနေပါသည်။ ၎င်းသည် လူသားအတွက် အသက် ဖြစ်ပါသည်။

ထိုသို့ပင် ဖန်ဆင်းပြီးနောက်တနေ့မှစ၍ ပါရာဒိုက်စ်(အေဒင်ဥယာဉ်)တွင် ဖြစ်နေပါသည်။

အသက်ပင်၏အသီးသည် ဘုရားသခင်အား သိခြင်းအသိပညာအတွက် ဖြစ်သည်။ သုံးပါးတဆူဘုရားသခင်ကိုဖြစ်သည်။

သို့သော် လူသည် ဘုရားသခင်ထံမှ အဝေးသို့ ကျဆုံးခဲ့ပါသည်။ ထို့ကြောင့် သေသည်။

သေခြင်းသည် ရှင်ခြင်း၏ဆန့်ကျင်ဖက်ဖြစ်ပါသည်။ သေခြင်းသည် ဘုရားသခင့်ထံမှ ထွက်ခွာခြင်းဖြစ်သည်။ "ဘုရားသခင်နှင့် ကင်းကွာ၍ အသက်ရှင်ခြင်းသည် သေခြင်းဖြစ်သည်၊"ဟု သင် သီဆိုခဲ့သည် မဟုတ်ပါလား!

သေခြင်းသည်လည်း လမ်းတမျိုးဖြစ်ပါသည်။ သင်သည် သေခြင်းမှနေ၍ ပို၍သေဆုံးခြင်းသို့ သွားနေပါသည်။ ထိုအချက်နှင့်ပတ်သက်လျှင် ပေါလုသည် ကျွန်ုပ်တို့ ဆရာဖြစ်ပါသည်။ ဝေံဂေလိဟောကြားသော ဆရာများသည် ဆုံးညစ်သူများအတွက် သေခြင်းမှနေ၍ သေခြင်းသို့ဖြစ်ပါသည်။ ဆိုလိုသည်မှာ ပေါလုက သူတို့ထံ စတင်ဟောပြောချိန်တွင် သူတို့သည် သေနေကြပြီးဖြစ်သည်၊ ပေါလု၏ တရားဟောခြင်းပြီးသေအခါ သူတို့သည် ပို၍သေသူများဖြစ်သွားကြသည်။

ထိုသို့ပင် ကျွန်ုပ်တို့အသင်းတော်များတွင် ဖြစ်ပါသည်၊– ဆုံးညစ်သူများသည် ဘုရားသခင်အိမ်တော်သို့ဝင်ရောက်ပြီး၊ ပြန်ထွက်သွားကြချိန်တွင် ပို၍သေခဲ့ကြပြီဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် သေခြင်း၏လမ်းသည်လည်း နည်းစနစ်လုပ်ငန်းစဉ် ရှိနေပါသည်၊– သင်သည် သေခြင်းတွင် ပို၍အဆင့် မြင့်မြင့်လာခြင်းဖြစ်သည်။ သင်သည် ဒုတိယသေခြင်းဆိုသော ဆိုးရွားသောနေရာသို့ ရောက်သည်အထိ တိုးတက်နေခြင်းဖြစ်သည်။

ဒေင်ဥယာဉ်၏အရှေ့ဖက်တွင် ခေရုဗိန်(ကောင်းကင်တမန်အမည်)နှင့်အရပ်ရှစ်မျက်နှာသို့လှည့်နေသော မီးတောက်ဓါး(ဓါးစကြာ)ကို ထားရှိကာ အသက်ပင်သို့သွားရာလမ်းကို ကာကွယ်ထားပါသည်။

ထိုအဖြစ်သည် ဤဝမ်းနည်းစရာကောင်းသည့် ကမ္ဘာပေါ်သို့ ကျွန်ုပ်တို့ မွေးဖွားလာချိန်မှ ရှိနေသော အခြေအနေဖြစ်ပါသည်။

。。。。。。。。

ထိုတက်ပို၍ ဘုရားသခင်က မလုပ်ပေးတော့၊ မပြောတော့လျှင် ကျွန်ုပ်တို့သည် သေနေသော မိဘနှစ်ပါးမှ မွေးဖွားလာကြသူများသာ ဖြစ်နေကြပါတော့မည်။ ကျွန်ုပ်တို့သည်လည်း မွေးကထဲက သေနေသူများသာ ဖြစ်နေကြပါတော့မည်။ ထို့နောက် သေခြင်းလမ်းသို့သာ ဆက်လိုက်နေကြသူများ ဖြစ်နေကြပါတော့မည်။ စက္ကန့်တိုင်း ပို၍သေနေကြပါမည်။ နောက်ဆုံးတွင် ဒုတိယ သေခြင်းသို့ ရောက်ကြမည်ဖြစ်ပါသည်။

သို့သော် ဘုရားသခင်သည် အသက်ရှင်ခြင်းကို နောက်တကြိမ်ဖွင့်ပြလာပါသည်၊ ကျေးဇူးတင်ရမည်အမှန်။

ပါရာဒိုက်စ်(ဒေင်ဥယာဉ်)တွင် အသက်ပင် ဖြစ်ခဲ့ပါသည်။

ယခုတွင် ထိုအသက်ပင်ကို ပြန်ပြပါသည်။ သို့သော် မည်သို့ခြားနားပါသနည်း?

ယခုအခါတွင်တော့ အသက်ပင်သည် ကျွန်ုပ်တို့၏သခင် ယေရှုခရစ်တော်ဖြစ်ပါသည်။

သူ၏ဖြစ်တည်မှု၊ သူ၏အလုပ်၊ သူ၏အသက်၊ သူ၏သေခြင်း၊ သူ၏ထမြောက်ခြင်း၊ ထို့နောက် ဘုရားသခင့်လက်ျာဖက်သို့ ဆက်သွားတော်မူခြင်း စသည်တို့သည် အသက်ပင်ဖြစ်သည်၊ ထိုအပင်၏အရွက်တို့သည် တိုင်းနိုင်ငံအပေါင်း၏ ကျန်းမာခြင်းဖြစ်သည်။

ယခုတွင် ထိုအပင်သည် တည်ရှိနေပါသည်။

မှန်သည်၊ ပုံစံတော့ ပြောင်းသွားခဲ့ပြီ။ လက်ဝါးကပ်တိုင်ပုံစံ ဖြစ်သွားပါပြီ။

သို့သော် ထိုနေရာတွင် သူ ရပ်နေပါသည်။

သေသူတို့၏ အလည်တွင်ဖြစ်သည်။ ထိုနေရာတွင် ခင်ဗျားနှင့်ကျွန်တော်၏ သဘာဝအခြေအနေမှန်ကို ပြောထားချက်ရှိပါသည်။ "လူတဦးအတွက် မှန်သကဲ့သို့ရှိသော လမ်းတခု ရှိနေပါသည်၊ သို့သော် ၎င်း၏အဆုံးသတ်တို့သည် သေခြင်း၏လမ်းတို့ဖြစ်ပါသည်။" သုတ္တံ ၁၄း၁၂

ထိုသေခြင်း၏အလယ်တွင် အသက်ပင်သည် ဘုရားသခင့်ဖွင့်ပြချက် ဖြစ်ပါသည်။

မည်သည့်ကောင်းခြင်းကို လုပ်ပေးမည်နည်း?

ယောရှာယ၏အော်သံကို နားထောင်ကြည့်ပါ၊ "မည်သည်တို့က ငါတို့၏သတင်းပို့ချက်ကို နားထောင်ကြပါသနည်း?"

မည်သူက ထိုအသက်ပင်အကြောင်း ဟောကြားခြင်းကို နားထောင်မည်နည်း? အသက်ရှင်ခြင်း၏လမ်းအကြောင်းကို ပြည့်စုံစွာဟောကြားခြင်းဆိုသည်မှာ ယေရှု၏အကြောင်းကို ပြောပြခြင်းဖြစ်ပါသည်။ သူသည် အသက်ပင်သွားရာလမ်းကို ကာကွယ်ထားသော မီးတောက်ဓါး(ဓါးစကြာ)တို့အကြားသို့ ဝင်ရောက်သွားခြင်း ဖြစ်ပါသည်။ သူ့အတွက် အသက်ရှင်ခြင်းလမ်းကို လျှောက်လှမ်းသွားခြင်းဆိုသည်မှာ လူသားမျိုးနွယ်တရပ်လုံး၏ အပြစ်များအပေါ်ထားရှိသော ဘုရားသခင့် အမျက်ဒေါသအားလုံးကို ဖြတ်သန်းခြင်းဖြစ်ပါသည်။

သခင်ယေရှုအတွက် မီးတောက်ဓါး(ဓါးစကြာ)၏အဓိပ္ပါယ်မှာ သူသည် ထာဝရသေခြင်းကို သေရမည် ဖြစ်ပါသည်။

သို့သော် သူသည် တကယ်ပင် ထိုသေခြင်းနှင့် သေပေးခဲ့ပါသည်။ ထို့ကြောင့် သခင်ယေရှုက သူ့ကိုယ်သူ "ငါသည် လမ်းခရီး၊ အမှန်တရားနှင့် အသက် ဖြစ်သည်"ဟု လိပ်မူခဲ့ခြင်းဖြစ်ပါသည်။

ဘုရားသခင်သည် ပထမအနေနှင့် သခင်ယေရှုကို အသက်၏လမ်းခရီးအား ပြခဲ့ပါသည်။ ထို့နောက် ဘုရားသခင်သည် သူ့အား ရေကိုဖြတ်သန်းလျှက် ကောင်းကင်ဘုံသို့ ဆိုသည့်လမ်းကို ဆက်ပြပါသည်။

ဘုရားသခင်ကို ကျေးဇူးတင်ကြရပါမည်၊ အဘယ့်ကြောင့်ဆိုသော် ထိုအသက်၏လမ်းခရီးကို သူ့လူအားလုံးထံသို့လည်း ပြတော်မူသောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်က ထိုအသက်၏လမ်းခရီးကို သခင်ယေရှုကိုယ်တိုင်မှတဆင့် ပြတော်မူခြင်းဖြစ် သည်။ ခရစ်တော်သည် ကြီးမြတ်သော တရားဟောဆရာ ဖြစ်ပါသည်။ သူ၏ အနန္တတန်ခိုးနှင့်ပြည့်သော ဝိညာဉ်တော်အားဖြင့်၄င်း၊ ဘုရားသခင့် နှုတ်ကပတ်တော်အားဖြင့်၄င်း ဟောကြားခြင်းဖြစ်ပါသည်။

ခမည်းတော်မှ သားတော်ထံ ပေးထားသမျှသောသူတိုင်းသည် သူ့အားဖြင့် သင်ပေးခြင်းကို ခံကြရပါသည်။ ထိုအခါ သူတို့သည်လည်း အသက်၏လမ်းခရီးကို စတင်လျှောက်လှမ်းကြပါသည်။

ပရောဖက်ပြုထားချက် ပြည့်စုံခြင်းဖြစ်သည်၊– "သင့်၏သားသမီးအပေါင်းတို့သည် ထာဝရဘုရားဆုံးမသွန်သင်တော်မူသော သူဖြစ်၍၊ များစွာသော ငြိမ်းချမ်းသာခြင်းနှင့်ပြည့်စုံကြလိမ့်မည်။"ဟေရှာ ၅၄း၁၃

အသက်၏လမ်းခရီးဆိုသည်မှာ "မြင်ရခြင်း"ဖြစ်သည်ကို သင် သိပါ။ မြင်ရခြင်းမရှိသောနေရာတွင် လူတို့သည် ပျက်ဆီးကြပါသည်။ သဘာဝဖြင့်ရရှိသော မြင်ရခြင်းတော့မဟုတ်ပါ။ ဝိညာဉ်ရေးရာ မြင်ရခြင်းဖြစ်ပါသည်၊– သင် ဘုရားသခင်ကို တွေ့မြင်သလား (သို့) မတွေ့မမြင်ဘဲ နေပါသလား။ သင် အပြစ်ကို တွေ့မြင်ပါသလား? (သို့) သင် မတွေ့မမြင်ဘဲ နေပါလား? သင် အပြစ်မှ ကယ်တင်သော ကယ်တင်ရှင်ကို တွေ့မြင်ပါသလား? (သို့) မတွေ့မမြင်ဘဲ နေပါသလား? ထိုမျှ ရိုးရှင်းပါသည် ([သို့] ဆိုးရွားပါသည်)။

.......

ထိုအသက်လမ်းခရီး၏ အသီးအပွင့်များသည် အံ့သြစရာကောင်းလှပါသည်။

၎င်းကို အသက်လမ်းခရီး၏ "အဆုံးသတ်"ဟုလည်း သင်ခေါ်နိုင်ပါသည်။

ကျွန်တော်ကတော့ အသီးအပွင့်ဟုသာ ခေါ်ချင်ပါသည်။ ထိုသို့ခေါ်ချင်ရသည့် အကြောင်းအရင်းများ ရှိပါသည်။ ၎င်းကို "အဆုံးသတ်"ဟုခေါ်လျှင်၊ အသက်ရှင်ခြင်း လမ်းခရီး၏ နိဂုံးချုပ်ဟုခေါ်လျှင်၊ ကျွန်တော့်ထံတွင် ယခုအချိန်အတွက် ချိုမြိန်ခြင်း ရှိ တော့မည် မဟုတ်ပါ။ ကျွန်တော်သိနေပါသည်၊ ကျွန်တော်တို့သည် ကောင်းကင်ဘုံသို့ မရောက်ကြသေးပါ။ ကျွန်တော်တို့သည် မြွေ ဆိုးများကြား၊ ခြေသေ့များကြား လမ်းရှီးဆက်နေကြသည်ကို ကျွန်တော် အသေအချာဂရုပြုမိပါသည်။ သို့သော် ယခုကထဲက ချိုမြိန် ခြင်းသည် ရှိနေပြီဖြစ်သည်။

ဤစာပိုဒ်ကို သတိပြုကြည့်ပါ၊– ကိုယ်တော့်ရှေ့မှောက်တွင်ရှိခြင်းသည် ပြည့်ဝသောပျော်ရွှင်ခြင်း ဖြစ်ပါသည်(in thy presence *is* fulness of joy = ထိုကျမ်းပိုဒ်ကို ဆရာယုဒသန်မြန်မာကျမ်း၌ "အထံတော်၌ စုံလင်သောဝမ်းမြောက်ခြင်းအခွင့်"ဟု ဘာသာပြန်ရာ သိပ်မတိကျပါ)။

သင်သည် ဤဝါကျကိုလည်း သီချင်းဆိုသင့်ပါသည်၊– မီးတောက်ဓါးကို သွားရာလမ်းမှ ဖယ်လိုက်ပြီဖြစ်သည်။

ထာဝရသေခြင်းဆိုသော လူဆိုး၏ဆုလာဘ်သည် ပျောက်သွားပြီဖြစ်သည်။

သခင်ယေရှုက အားလုံးကို မြိုချလိုက်ပြီဖြစ်သည်။ သခင်ယေရှုက ထိုမီးတောက်ဓါးကို ဖျက်ဆီးလိုက်ပြီဖြစ်သည်။

ပျော်ရွှင်ခြင်း၏အဓိပ္ပါယ်မှာ အဘယ်နည်း?

ဤသို့ဖြစ်သည်၊– ပျော်ရွှင်ခြင်းဆိုသည်မှာ သင့်လိုအပ်ချက်အားလုံး ပြည့်စုံနေသည် အခြေအနေ၊ အနေအထားဖြစ်ပါသည်။

လှောင်အိမ်ထဲထည့်ထားသော ငှက်ကလေးကိုကြည့်ပါ၊ ပဲစေ့အနည်းငယ်ကို စားသည်၊ ရေအနည်းငယ်သောက်သည်၊ ထို့နောက် သီချင်းဆိုပါသည်၊ ကျေနပ်ရောင့်ရဲနေခြင်းဖြစ်သည်၊ ပျော်ရွှင်နေပါသည်။

နှစ်များစွာအကြာက ကျွန်တော် အစီအစဉ်တခုကို ကြားခဲ့ပါသည်၊ ၄င်းအစီအစဉ်၏ ခေါင်းစည်းသီချင်းမှာ၊– ငါ သီချင်းဆိုသည်၊ အဘယ့်ကြောင့်ဆိုသော် ငါ ကျေနပ်ရောင့်ရဲနေ၍ဖြစ်သည်။

ထိုအချက်သည်မှန်ပါသည်၊ ထိုအဖွဲ့က ဘုရားသခင့်အကြောင်းအရာများကိုတော့ မပြောကြပါ၊ ဘာဘဲဖြစ်ဖြစ် ထိုဝါကျမှန်ပါသည်။ ၄င်းဝါကျသည် ဘုရားသခင့်စကားအရကို မှန်နေပါသည်။ သင့်လိုအပ်ချက်များ ပြည့်စုံသောအခါ၊ သင်သည် သီချင်းဆိုနေသကဲ့သို့ ခံစားရပါသည်။ ထိုအခါ သင် ပျော်ရွှင်ခြင်းကို မြည်းစမ်းရပါသည်။

ဤနေရာတွင်လည်း ထိုသို့ဖြစ်ပါသည်။ သင် အသက်ရှင်ခြင်းလမ်းမှ ဘုရားသခင့်နှလုံးသားသို့ အသက်ရှင်သောအခါ၊ လျှောက်လှမ်းသောအခါ၊ သင်သည် သီချင်းဆိုနေသလို ခံစားရပါမည်။

ဘုရားသခင်က ထိုအချက်ကို သိပါသည်၊ သူသည် သင့်အတွက် သီချင်းစာအုပ်တအုပ်ကို ပြင်ဆင်ထားပါသည်။ ဒါဝိတ် ၏ ဆာလံ ၁၅၀ ဖြစ်ပါသည်။ ကောင်းကင်ဘုံအရည်အချင်းရှိသည့် သီချင်းများကို သင်သည် လူသားတို့ရေးစပ်သော ဓမ္မသီချင်းများဖြင့် မညစ်ပတ်စေသင့်ပါ၊ သင် ထိုသို့ပြုမည်လော?

。。。。。。。

ထို့နောက်၊– ကိုယ်တော့်လက်ျာတော်ဖက်သည် ထာဝရပင် ချိုမြိန်ခြင်းဖြစ်ပါသည်ဟု ဆာလံက ဆက်ရေးပါသည် (ဆရာ ယုဒသန်၏ မြန်မာကျမ်းက “လက္ိါေတာ္နားမသာ အစဥ္႔မဲေဟ်ာ္ေမၾ႔ခင္းအခၾင့္ဂ်သိပမွ၏”ဟုပြောပါသည်)။

ထိုချိုမြိန်ခြင်းတို့သည် ဘုရားသခင့်ညာဖက်တွင်သာရှိသည်ဟု ပြောနေခြင်းကို သတိပြုရပါမည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ဖြစ်ပါသည်။ သူတို့သည် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းကို ပျော်ရွှင်စွာခံစားနေကြသူများဖြစ်ကြပါသည်။ ဖြောင့်မတ်ခြင်းဟုဆိုသောကြောင့် သူတို့သည် ကောင်းမြတ်သောသူများဖြစ်ကြပါသည်။ ကောင်းမြတ်ခြင်းသည် ဖြောင့်မတ်ခြင်းဖြစ်ပါသည်။ ငါတို့ဖြောင့်မတ်ခြင်း၏အရှင်ဟုခေါ်သော သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းကို ကျွန်တော်တို့ထံ ပေးခြင်းဖြစ်သည်။ ၄င်းက ကျွန်တော်တို့ကို ဖုံးအုပ်ပေးထားပါသည်။ သခင်ဘုရားနှင့်အတူ ဘုရားသခင့်သန့်ရှင်းသူများအဖြစ်နှင့် လျှောက်လှမ်းအသက်ရှင်ကြသောအခါ၊ ဘုရားသခင်က ကျွန်တော်တို့ကို ဘယ်တုန်းကမှ အပြစ်မလုပ်ဖူးသူများအဖြစ် ဆက်ဆံတော်မူပါသည်။ မှန်ပါသည် သူ့ဖြောင့်မတ်တော်မူခြင်းက တောင်းဆိုသောအရာများအားလုံးကို ကျွန်တော်တို့ကိုယ်တိုင်က ပြည့်စုံစေပြီးကြသလို ဆက်ဆံတော်မူပါသည်။

ထို့အပြင် ထိုဖြောင့်မတ်ခြင်းကို ကျွန်တော်တို့ထံ ပေးအပ်ထားပါသည်၊ ကျွန်တော်တို့ သန့်ရှင်းခြင်းထဲ၌ လျှောက်လှမ်းအသက်ရှင်ကြဖို့ သေးငယ်သောဥပဒေသအဖြစ်နှင့် ပေးထားခြင်းဖြစ်ပါသည်။

သခင်ဘုရားနှင့်အတူ လျှောက်လှမ်းသွားလာရခြင်းသည် ချိုမြိန်လှပါသည်။

ကျမ်းစာကပြောထားသော ပျားရည်၊ ပျားလဘို့ဆိုသည်မှာ ထိုအရာပင်ဖြစ်သည်။ ဘုရားသခင်ကို တွေ့စုံခြင်း၊ မြည်းစမ်းခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့၏ကျမ်းပိုဒ်က ထိုချိုမြိန်ခြင်းသည် ဘုရားသခင့်ညာဖက်တွင် ထာဝရရှိနေမည်ဟု ပြောပါသည်။

သို့သော် ထိုချိုမြိန်ခြင်းကို မြည်းစမ်းရဖို့ အကြာကြီးမစောင့်ရပါ၊ အဘယ့်ကြောင့်ဆိုသော် ၄င်းသည် ယခုပင် သင်ပိုင်ဆိုင်နေပြီဖြစ်သည်။ သေခြင်း၏အရိပ်တို့ လွှမ်းမိုးနေသောတောင်ကြားဆိုသည့် ယခုဘဝ၌ ကျွန်တော်တို့ အသက်ရှင်နေကြစဉ်ပင် ထိုချိုမြိန်ခြင်းသည် ကျွန်တော်တို့ထံ ရှိနေပြီဖြစ်သည်။

သို့သော် ၄င်းကို မရောနှောဘဲ မြည်းစမ်းကြရခြင်းတော့ မဟုတ်ပါ။

ကမ္ဘာပေါ်တွင် အသက်ရှင်နေကြစဉ် ၄င်းကို အပြစ်၏ခါးသီးခြင်းနှင့် ရောနှော၍မြည်းစမ်းကြရပါသည်။

သို့သော် မောပန်းရသော ကျွန်တော်တို့၏ ကောင်းကင်ဘုံသို့ လျှောက်လှမ်းခြင်းခရီးစဉ် ကုန်ဆုံးသောအခါ၊ သင် ထိုချိုမြိန်ခြင်းကို အရောအနှောမဲ့ မြည်းစမ်းရပါမည်။ “နေ့ထက်လင်းသော နေ့တနေ့သည် ရှိနေပါသည်။”

ထို့အပြင် သင်သည် ထိုချိုမြိန်ခြင်းတို့ကို ထာဝရ မြည်းစမ်းရမည်ဖြစ်ပါသည်။

(O, Taste and See, Meditation from Psalms, by Gerrit Vos (1894-1968) **စာအုပ်မှ ဘာသာပြန်ပါသည်**)

+++++++++++++++++++++++++++++++++++++++++

**သီဩလော်ဂျီကဏ္ဍ**

**ဘုရားသခင်၏သိ၍မကုန်နိုင်ဖြစ်တော်မူခြင်းဩဝါဒ**

(The Doctrine of God's Incomprehensibility)

**“ဘုရားသခင်သည် ကြီးမြတ်တော်မူ၏။ ငါတို့သည် ဘုရားသခင်ကိုမသိနိုင်၊ အသက်တော်နှစ်ပေါင်းကို စစ်၍မကုန်နိုင်ကြ”**

(ယောဘ ၃၆း၂၆)။ ထိုသို့ပြောခြင်းသည် ကျမ်းစာက ဘုရားသခင်၏အကြောင်းကို လူသားနားလည်ရန် နိမိတ်ပုံစကား (anthropomorphic)ကို သုံး၍ပြောခြင်းဖြစ်သည်။ တည်ရှိနေကြသောအရာများအားလုံးနှင့် နှိုင်းယှဉ်လျှင် ဘုရားသခင်သည် ရောနှောခြင်း ကင်းသောသူ(pure being) ဖြစ်တော်မူသည်။ အကန့်အသတ်နှင့်ဖြစ်သော အရာခပ်သိမ်းနှင့် ဆန့်ကျင်လျှက် သူသည် အကန့်သတ်မဲ့သူ ဖြစ်တော်မူပါသည်။ တိုင်းတာ၍မရအောင် နက်ရှိုင်းလှသူဖြစ်သည်။ ခဏသာဖြစ်တည်ကြရသည့် အရာများကို ဆန့်ကျင်လျှက် သူသည် ထာဝရဖြစ်တော်မူပါသည်။ အကန့်သတ်မဲ့စွာဖြင့် သူသည် များပြားစုံလင်လှသော ဖန်ဆင်းခံများအထက်၌ ရှိတော်မူသူဖြစ်သည်။ သူသည် တပါးတည်းသာ ဖြစ်တော်မူသည့်၊ တုနှိုင်းဖွယ်မရှိသော ရိုးစင်းလှသည့် ဘုရားသခင် ဖြစ်တော်မူပါသည်။

ဖန်ဆင်းခံတို့အတွက်မူ တည်ရှိသည်(exist)ဟူသာ ပြော၍ရပါမည်။ အဘယ်ကြောင့်ဆိုသော်မိမိ ဖြစ်တည်မှုအတွက်အခြေခံတရားကို မိမိထံအတွင်း၌ မရှိနိုင်ကြသောကြောင့် ဖြစ်ပါသည်။ ဖန်ဆင်းခံတို့သည် ဘုရားသခင်အတွင်း၌သာ ဖြစ်တည်ကြရပါသည်၊ သူ့အထံတော်၌ အသက်ရှင်ကြ၊ လှုပ်ရှားကြလျှက်၊ မိမိတို့၏ဖြစ်တည်မှုကို ရရှိကြပါသည် (တမန် ၁၇း၂၈)။ ထို့အတွက်ကြောင့်ပင် ဖန်ဆင်းခံတို့သည် အမြဲမပြတ် ဖြစ်ပေါ်ပြောင်းလဲ နေကြရပါသည်။ ပေါ်လာလိုက် ပျောက်သွားလိုက်သာ ဖြစ်ကြပါသည်။ တိုးတက်လာသည်၊ ပွားများလာသည်၊ ပြန်လျော့သွားသည်၊ ကြီးထွားလာသည်၊ ပျက်ဆီးသွားသည်၊ ဘယ်တော့မှ တသမတ်ထဲ မရှိနိုင်ပါ။ သို့သော် ဘုရားသခင်သည် တသမတ်ထဲဖြစ်တော်မူသည်။ ဘုရားသခင်သည် အမြဲရှိတော်မူနေသည်။

ဖန်ဆင်းခံများမှာမူ ရှိနေသည်ဟုပြော၍မရပါ၊ ဖြစ်တည်နေကြသည်ဟူသာပြောနိုင်ပါမည်။ ဘုရားသခင်သည် ဖြစ်တည်နေခြင်းမဟုတ်၊ ရှိနေခြင်းဖြစ်သည်။ သူသည် အချိန်ထဲတွင် ဖြစ်လာနေသည် မဟုတ်ပါ၊ ထာဝရကာလကထဲက ရှိနေခြင်းဖြစ်သည်။ "တောင်များကိုမဘော်၊ မြေကြီးနှင့်လောကဓါတ်ကို ဖန်ဆင်းတော်မမူမှီ၊ ကိုယ်တော်သည် ရှေးကမ္ဘာအဆက်ဆက်မှစ၍၊ နောက် ကမ္ဘာအဆက်ဆက်တိုင်အောင် ဘုရားသခင်ဖြစ်တော်မူ၏" (ဆာလံ ၉၀း၂)။ သူ့ထံတွင် တနေ့သည်နှစ်ပေါင်းတထောင်နှင့်တူ၍၊ နှစ်ပေါင်းတထောင်သည် တနေ့ကဲ့သို့ဖြစ်ပါသည် (၂ပေ ၃း၈)။ ကျွန်တော်တို့၏နေ့ရက်များသည် အရိပ်များလိုဖြစ်ပါသည်၊ အမြဲ တမ်းလျော့လာပါသည်။ ကောင်းကင်နှင့်မြေကြီးလဲ တနေ့ပျက်ဆီးမည်ဖြစ်သည်။ အရာအားလုံးသည် ခြုံထည်ကဲ့သို့ အိုဟောင်းလာ တတ်ကြသည်။ အဝတ်ကဲ့သို့ ပြောင်းလဲသွားကြသည်။ သို့သော် ဘုရားသခင်သည် အမြဲတမ်းရှိနေတော်မူသည်။ သူကို မှတ်မိခြင်း သည် မျိုးနွယ်ဆက်အမြောက်အများတိုင်အောင်ဖြစ်သည်။ သူသည် အမြဲတမ်းတပုံစံထဲဖြစ်သည်။ သူ၏နှစ်များသည် ဘယ်တော့မှ မကုန်ဆုံးနိုင် ဖြစ်တော်မူသည် (ဆာလံ ၁၀၂း၁၁-၁၂၊ ၂၅-၂၇)။ ထို့ကြောင့် သူ၏နာမည်ကို ဂျေဟောဝါ၊ ငါဖြစ်သည့်အတိုင်း ငါ ဖြစ်သည်ဟု ခေါ်ရခြင်းဖြစ်သည်။ သူသည် ဖြစ်လာသည်မဟုတ်၊ ထာဝရ မပြောင်းလဲသော ဘုရားသခင် ဖြစ်တော်မူသည် (ထွက် ၃း၁၄)။

ဘုရားသခင်ဖြစ်လာရန် မည်သည့်ပြင်ပအရာ(သို့)စွမ်းအား တခုကမှ မဖြစ်စေပါ၊ မထုတ်လုပ်ပါ။ သူဖြစ်လာသည့် အကြောင်းသည် သူ၏ဖြစ်တည်မှု၊ သဘာဝနှင့် ကောင်းမြတ်ခြင်းတို့၌သာ ရှိနေပါသည်။ သူသည် လွတ်လပ်တော်မူသူ ဖြစ်သည်။ မိမိဘာသာမိမိ ဖြစ်လာသူဖြစ်သည်။ "ငါ့ရှေ့မှာ ဖန်ဆင်းရာထဲက အဘယ်ဘုရားသခင်မျှမဖြစ်၊ ငါ့နောက်မှာလဲ အဘယ်ဘုရားသခင်မျှ မရှိရာ"(ဟေရှာ ၄၃း၁၀)။ ထို့ကြောင့် သူသည် (ရှုပ်ထွေးမှုမရှိသော)ရိုးစင်းလှသူဖြစ်တော်မူသည်။ သူသည် သူ၏ပြည့်စုံတော်မူခြင်းများ ဖြစ်တော်မူသည်။ သူ့ထံတွင် အစိတ်အပိုင်းများ၊ တန်ခိုးစွမ်းအားများ၊ (သို့) ကောင်းမြတ်ခြင်းများ ပေါင်းစပ်ထားခြင်းဆိုသည် မျိုး မရှိပါ။

ဖန်ဆင်းခံတို့ကို အသက်ရှင်သည်ဟု ပြော၍ရပါမည်၊ သို့သော် ဘုရားသခင်သည် အသက်ဖြစ်ပါသည်။ ဖန်ဆင်းခံတို့ကို ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် အမှန်တရားတို့နှင့် ရစ်ပတ်ထားသည်ဟု ပြော၍ရပါမည်၊ သို့သော် ဘုရားသခင်သည် ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် အမှန်တရား ဖြစ်တော်မူပါသည်။ သူသည် အလင်းဖြစ်တော်မူသည်၊ သူ့ထံ၌ မှောင်မိုက်ခြင်းအလျှင်း မရှိပါ (၁ယော ၁း၅)။ သူသည် အနန္တတန်ခိုးတော်ရှင်ဖြစ်သည်၊ သူသည် အလုံးစုံသော ဉာဏ်ပညာနှင့် အသိပညာတို့ ပေါင်းစပ်နေခြင်းဖြစ်တော်မူသည်။ သူသည် ချစ်ခြင်းမေတ္တာ၊ အလင်း၊ ဣသရေလ၏ခွန်အားဖြစ်သည် (၁ယော ၄း၈၊ ၁း၅၊ ၁ရာ ၁၅း၂၉)။

ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းများသည်လည်း သူ့ဖြစ်တည်မှု၏ ဂုဏ်လက္ခဏာများ သက်သက်မဟုတ်ပါ၊ သူ၏အနှစ်သာရနှင့် ထပ်တူကျနေပါသည်။ ထို့ကြောင့် သူ၏ကောင်းမြတ်ခြင်းများ အားလုံးသည် သူ့ထံတွင် တစ်ခုတည်း(တစ်စုတည်း) ဖြစ်နေပါသည်။ ထိုသို့ဖြစ်သော ဘုရားသခင့်အနှစ်သာရ၏ ရိုးစင်းမှုကို ကျွန်တော်တို့ ကုန်စင်အောင် နားမလည်နိုင်ကြသော်လည်း၊ အလားတူဥပမာများကို အရောင်တို့၏ စုံလင်လှသော အမျိုးအစားတို့၌၎င်း၊ တဖျပ်ဖျပ်လင်းလက်မှု၌၎င်း တွေ့မြင်နိုင်ကြပါသည်၊ ထိုအချက်တို့က ဘုရားသခင်၏ကောင်းမြတ်မှုတို့သည် သူ့ထံတော်၌ တစုတည်းဖြစ်နေသည် ဆိုသည့်အမှန်တရားကို မပျက်ဆီးဘဲ ထောက်ခံနေကြသည်။ ထို့ကြောင့် သူ၏ဖြောင့်မတ်တော်မူခြင်းသည် သူ၏ဂရုဏာတော်ဖြစ်ပါသည်။ သူ၏သန့်ရှင်းခြင်းသည် သူ၏ကျေးဇူးတော်ဖြစ်ပါသည်၊ သူ၏အမှန်တရားဖြစ်ခြင်းသည် သူ၏ချစ်ခြင်းမေတ္တာဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်ဟုခေါ်သော ထိုထာဝရပုဂ္ဂိုလ်၊ ထိုလွတ်လပ်လှသူ၊ ရိုးစင်းလှသောအနှစ်သာရဖြစ်သူသည် မပြောင်းလဲသောသူ၊ အထံတော်၌ ပြောင်းလဲခြင်း အရိပ်မရှိသူ ဖြစ်တော်မူပြန်ပါသည် (ယာကုပ် ၁း၁၇)။

ဘုရားသခင်သည် အကန့်အသတ်မဲ့ ပြည့်စုံခြင်းအားလုံးတို့ စုပေါင်းခြင်းဖြစ်သောကြောင့် သူသည် ထာဝရပင် တသမတ်တည်း ဖြစ်တော်မူပါသည်။ သူ့ထံတွင် တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း မရှိပါ။ သူ၏ သဘာဝသည်၎င်း၊ စိတ်နှလုံးသည်၎င်း၊ အလိုဆန္ဒသည်၎င်း ပြောင်းလဲခြင်းမရှိပါ။ "ထာဝရဘုရားသည် အစဉ်အမြဲ တည်တော်မူသော ဘုရားသခင်ဖြစ်ကြောင်းကို၎င်း၊ မြေကြီးစွန်းတိုင်အောင် ဖန်ဆင်းတော်မူသောအရှင် ဖြစ်ကြောင်းကို၎င်း၊ မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်းမရှိ၊ စစ်၍မကုန်နိုင်သော

ဉာဏ်နှင့် ပြည့်စုံတော်မူကြောင်းကိုငှင်း၊ သင်သည် မသိမကြားဘူးသလော” (ဟေရှာ ၄၀း၂၈)။

ဣသရေလ၏ခွန်အားဖြစ်သူသည် ဘယ်တော့မှ မလိမ်ပါ၊ မညာပါ။ သူသည် လူမဟုတ်သောကြောင့် နောင်တရတော်မမူတတ်ပါ (၁ရာ ၁၅း၂၉)။ ထို့ကြောင့် “ထာဝရဘုရား၏ ပြဋ္ဌာန်းတော်မူချက်သည် အနန္တကာလနှင့်ဆိုင်၍၊ စိတ်နှလုံးတော်၏ အကြံအစည်တို့သည် သားစဉ်မြေးဆက် အဆုံးတိုင်အောင် တည်ကြလိမ့်မည်” (ဆာလံ ၃၃း၁၁)။

ထိုအကြောင်းအရာတို့အပြင် ဘုရားသခင်သည် ရေတွက်၍မကုန်နိုင်သူဖြစ်တော်မူသည်။ အနန္တပင် ကြီးမားတော်မူသူဖြစ်သည်။ မိမိ၏ရှိနေတော်မူခြင်းဖြင့် တလောကလုံးကို ပြည့်နေတော်မူသူ ဖြစ်သည်။ သို့သော် တချိန်တည်းတွင် သူသည် ဖြစ်နေသောအရာအားလုံးက မသိနိုင်သူ ဖြစ်တော်မူပြန်သည်၊ ဖန်ဆင်းခံတို့နှင့် တိုင်းတာ၍မရအောင် မြင့်မားလွန်းလှသူ ဖြစ်တော်မူပြန်သည်။ “ဝိညာဉ်တော်နှင့် လွတ်ခြင်းအလို့ငှာ အဘယ်အရပ်သို့ သွားနိုင်ပါမည်နည်း။ မျက်နှာတော်နှင့် လွတ်ခြင်းအလို့ငှာ အဘယ်အရပ်သို့ ပြေးနိုင်ပါမည်နည်း။ ကောင်းကင်သို့တက်လျှင် ကိုယ်တော်ရှိတော်မူ၏။ မရဏာနိုင်ငံ၌ အိပ်ရာကိုခင်းလျှင် ကိုယ်တော်ရှိတော်မူ၏။ နံနက်အတောင်တို့ကိုယူ၍ သမုဒ္ဒရာစွန်း၌နေလျှင် ထိုအရပ်၌ပင် ကိုယ်တော်၏လက်သည် အကျွန်ုပ်ကို ပို့ဆောင်လျက်၊ လက်ျာလက်တော်သည် ကိုင်လျက် ရှိပါလိမ့်မည်။ အကယ်၍ မှောင်မိုက်သည် ငါ့ကိုဖုံးလွှမ်းမည်ဟု တဖန်ဆိုလျှင်၊ ညဉ့်သည်လည်း အကျွန်ုပ်ဝန်းကျင်၌ အလင်းဖြစ်ပါလိမ့်မည်။ အကယ်စင်စစ် မှောင်မိုက်သည် ရှေ့တော်၌ အဘယ်အရာကိုမျှ မဖုံးနိုင်ပါ။ ညဉ့် သည် နေ့ကဲ့သို့ လင်းပါ၏။ မှောင်မိုက်သဘောနှင့် အလင်းသဘောသည် တူပါ၏” (ဆာလံ ၁၃၉း၇–၁၂)။

သူသည် အရာခပ်သိမ်းအထဲ၌ ရှိတော်မူ၏။ အရာခပ်သိမ်း၏အောက်၌ ရှိတော်မူ၏။ အရာခပ်သိမ်း၏အပေါ်၌ ရှိတော်မူ ၏။ အရာခပ်သိမ်း၏တဖက်ကမ်း၌လည်း ရှိတော်မူ၏။ သူသည် အဝေးတွင်ရှိတော်မူသော ဘုရားသခင်ဖြစ်သည်၊ အနီးကလေးတွင် လည်း ရှိတော်မူပြန်သည်။ ကောင်းကင်နှင့်မြေကြီးတခုလုံးကို ပြည့်နေတော်မူသူဖြစ်သည် (ယေရမိ ၂၃း၂၃၊ ၂၄)။ သို့သော် အရာ ခပ်သိမ်းက သူ့ကို သိ၍မကုန်နိုင်ပါ၊ သူသည် အချိန်နှင့်နေရာတွင် ချုပ်ထား၍ရသူမဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် သူ့ကို ကောင်းကင်တို့၏ကောင်းကင်ကပင် နေရာလုံလောက်အောင် မပေးနိုင်ပါ (၃ရာ ၈း၂၇)။

သူသည် သူ၏ကောင်းမြတ်ခြင်းအားလုံးတို့တွင် အနန္တဖြစ်တော်မူပါသည်။ သူ၏ ဖြစ်ခြင်း ရှိခြင်းကို မည်သို့မျှ တိုင်းတာ၍မရပါ။ “ထာဝရဘုရားသည် ကြီးမြတ်၍ အလွန်ချီးမွမ်းဖွယ်ဖြစ်တော်မူ၏။ ကြီးမြတ်တော်မူခြင်းကို စစ်၍မကုန်နိုင်” (ဆာလံ ၁၄၅း၃)။ “လူအမျိုးမျိုးတို့သည် ရေပုံးမှကျသော ရေစက်ကဲ့သို့ ဖြစ်၍၊ ချိန်ခွင်၌ မြူမှုန်ကဲ့သို့ ထင်မှတ်စရာရှိ၏။ ကျွန်းတို့သည်လည်း လွင့်တတ်သော အနုမြူကဲ့သို့ ဖြစ်ကြ၏။ လေဗနုန်တော်သည် မီးမွှေးဖို့မလောက်၊ ထိုတော၌ရှိသော တိရိစ္ဆာန်တို့သည်လည်း မီးရှို့ရာယဇ်အဖို့မလောက်၊ ခပ်သိမ်းသောလူအမျိုးမျိုးတို့သည် အဘယ်မျှမဟုတ်သကဲ့သို့ ရှေ့တော်၌ဖြစ်ကြ၏။ အဘယ်မျှမဟုတ်သော အရာထက် သာ၍ယယ်သကဲ့သို့ငှင်း၊ အနတ္တကဲ့သို့ငှင်း မှတ်တော်မူ၏။ သို့ဖြစ်၍ ဘုရားသခင်ကို အဘယ်သို့ပုံပြရအံ့နည်း။ ဘုရားသခင်နှင့် အဘယ်မည်သောပုံသဏ္ဌာန် တူသည်ဟုဆိုရအံ့နည်း။ ထာဝရဘုရားသည် အစဉ်အမြဲတည်တော်မူသော ဘုရားသခင်ဖြစ်ကြောင်းကိုငှင်း၊ မြေကြီးစွန်းတိုင်အောင် ဖန်ဆင်းတော်မူသောအရှင် ဖြစ်ကြောင်းကိုငှင်း၊ မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်း မရှိ၊ စစ်၍မကုန်နိုင်သောဉာဏ်နှင့် ပြည့်စုံတော်မူကြောင်းကိုငှင်း သင်သည် မသိမကြားဖူးသလော” (ဟေရှာ ၄၀း၁၅–၁၈၊ ၂၈)။

ဤဘုန်းအသရေနှင့် ပြည့်စုံလှသော ကြီးမြတ်ခန်းနားတော်မူခြင်းအကြောင်းကို တွေးတောဆင်ခြင်လျက်နေသော်၊ ဘုရားသခင်၏သားသမီးတယောက်သည် ဘုရားသခင့်ရှေ့တော်မှောက်တွင် နှိမ့်ချစွာ ပျက်ဝပ်လျက် ဤကဲ့သို့ ချီးမွမ်းမည်ဖြစ်သည်၊ “ဘုရားသခင်၏ ပညာနှင့်ဉာဏ်တော်သည် အလွန်ကျယ်ဝန်းနက်နဲစွတကား၊ စီရင်တော်မူချက်တို့ကို အဘယ်သူမျှ စစ်၍မကုန်နိုင်၊ ကြွတော်မူရာလမ်းတို့ကို လိုက်၍ရှာသော်လည်း မတွေ့မမှီနိုင်၊ ထာဝရဘုရား၏စိတ်တော်ကို အဘယ်သူသိသနည်း၊ ထာဝရဘုရားနှင့် အဘယ်သူသည် တိုင်ပင်ဘက်ပြုသနည်း၊ ကျေးဇူးဆပ်တော်မူရမည်အကြောင်း၊ ထာဝရဘုရား၌ အဘယ်သူသည် ကျေးဇူးပြုဘူးသနည်း၊ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်အထဲကငှင်း၊ ကိုယ်တော့်အဘို့ အလို့ငှာငှင်းဖြစ်ကြ၏၊ ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း၊ အာမင်” (ရောမ ၁၁း၃၃–၃၆)။

ထိုစကားလုံးတို့သည် ကျမ်းစာက တကယ့်ဘုရားသခင်ဖြစ်တော်မူသည့် ထာဝရနှင့်အနန္တဘုရားသခင်အကြောင်းကို ပြောသည့်စကားလုံးများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသင်းတော်သည် ထိုစကားလုံးများကို သမိုင်းကြောင်းတလျှောက် ကြားသိခဲ့ပြီး ယုံကြည်ခဲ့သည်၊ ဘုရားသခင်သည် သိ၍မကုန်နိုင်သောသူဖြစ်တော်မူကြောင်း အခိုင်အမာ ဝန်ခံချက်ကို ပြုခဲ့ပါသည်။ ထိုသို့ ပြုသည့်အခါ အတွေးအခေါ်ပညာ၏ လက်တွေ့မဆန်သော တွေးခေါ်မှုအားဖြင့်မဟုတ်၊ ဆင်ခြင်ခြင်း၏ အငြင်းပွားမှုအားဖြင့် မဟုတ်ရပါ။ အသင်းတော်သည် သူ၏ယုံကြည်ချက်ကို အကန့်အသတ်နှင့်ဖြစ်သော လူ့အတွေးဖြင့် ထုတ်ဖေါ်သော်လည်း၊ မဟုတ်ဝါကျများအားဖြင့်တော့ မဟုတ်ပါ။

ဖြစ်ပွားစေခြင်းခံရသူက ဖြစ်ပွားစေသူကို တိုင်းတာ၍ရနိုင်ပါမည်လား။ ဖြစ်တည်မှုရှိယုံမျှ ဖန်ဆင်းခံက၊ ရှုပ်ထွေးမှု ကင်းမဲ့သော ဖန်ဆင်းသူကို မည်သို့ ရှာတွေ့နိုင်ပါမည်နည်း။ အချိန်ဆိုသောအရာက အချိန်မဲ့ထာဝရကို မည်သို့ ကုန်စင်အောင် နားလည်နိုင်မည်နည်း။ အသံမည်ယုံကလေးသာ စီးဆင်းနိုင်သော ချောင်းငယ်ကလေးက သမုဒ္ဒရာကြီးကို မြို့ချနိုင်ပါမည်လား။ ဖယောင်းတိုင်မီး မှိန်မှိန်ကလေးက နေမင်းကြီး၏အလင်းရောင်ကို ကျော်လွန်နိုင်ပါမည်လား။ ထိုအရာများ ဖြစ်နိုင်သည်ထားဦးတော့၊ သာမန်လူသား သေးသေးကလေးက မည်သို့မျှ ဘုရားသခင်ကို နားလည်၍ကုန်နိုင်မည် မဟုတ်ပါ။ မျက်စိဖြင့် သူ့ကို မမြင်နိုင်ပါ၊ နားကလည်း သူ့အသံကို မကြားရပါ။ လူသား၏နှလုံးသားက တွေးယူ၍မရပါ (ဟေရှာ ၆၄း၄၊ ၁ကော ၂း၉)။ “သင်သည် ဘုရားသခင်၏ ဇာတိတော်ကို စစ်၍တွေ့နိုင်သလော၊ အနန္တတန်ခိုးရှင်၏ဇာတိကို စစ်၍ အကုန်အစင် နားလည်နိုင်သလော၊ မိုးကောင်းကင်ကို မှီသည်ဖြစ်၍၊ သင်သည် အဘယ်သို့ ပြုနိုင်သနည်း၊ မရဏာနိုင်ငံထက် နက်သည်ဖြစ်၍ သင်သည် အဘယ်သို့ သိနိုင်သနည်း၊ အ

တိုင်းအရှည်သည် မြေကြီးကိုလွန်လျှက် သမုဒ္ဒရာထက်သာ၍ ကျယ်ဝန်းလျှက်ရှိ၏” (ယောဘ ၁၁း၇–၉)။

## ဒဿနပညာနှင့်ဘုရားသခင်

ဘုရားသခင်၏သိ၍မကုန်နိုင်ဖြစ်တော်မူခြင်းအမှန်တရားကို အသင်းတော်က သမိုင်းတလျှောက် ခေတ်အဆက်ဆက် အထူးပြု ယုံကြည်ရသည့် ရည်ရွယ်ချက်နှင့်အနှစ်သာရမှာ၊ ဘုရားသခင်ကို လူသားအသိပညာ၏ မမှီနိုင်သောနေရာတွင် ထာဝရ ထားပစ်လိုက်သည့် အသက်မဲ့ အေးခဲနေသော ဒဿနပညာ၏ မဟုတ်ဝါကျများအတွက် မဟုတ်ပါ၊ ဘုရားသခင်၏ တိုင်းတာ၍ မရလောက်အောင် ကြီးကျယ်မြင့်မြတ်တော်မူခြင်းကိုငှင်း၊ လူသား၏ဘာမှမဟုတ်ခြင်း၊ သေးငယ်ခြင်းကိုငှင်း အပြုသဘောဆောင်လျှက် ဝန်ခံခြင်းသာဖြစ်ပါသည်၊ ဘုရားသခင်၏ အစိုးရတော်မူခြင်းနှင့် လူသား၏ လုံးလုံးလျှားလျှား မှီခိုရခြင်းကိုငှင်း၊ ဘုန်းအသရေ ကြွယ်ဝစွာ ခန်းနားလှသော ဘုရားသခင်၏ ကြီးကြယ်မြင့်မြတ်ခြင်းရှေ့မှောက်သို့ လူသားအား မြေမှုန့်ပေါ် ပျက်ဝပ်လျှက် နှိမ့်ချစွာ ဝတ်ပြုကိုးကွယ်စေရန် ပြုသောဝန်ခံချက်ဖြစ်ပါသည်။ ထိုသို့ပြုခြင်းသည် မဟုတ်ဝါကျများ အသုံးပြုယုံသက်သက်မျှ မဟုတ်ပါ၊ သူ၏ ဖွင့်ပြတော်မူချက်များအပေါ် အခြေခံလျှက် ဘုရားသခင်၏အကြောင်းကို အပြုသဘော ဖေါ်ထုတ်ပြောဆိုခြင်းသာ ဖြစ်ပါသည်။

ဒဿနပညာသည် ဇာတိလူသား၏အရာဖြစ်သည်။ ဇာတိလူသား၏ စိတ်နှလုံးသည် ဘုရားသခင့်ဝိညာဉ်တော်နှင့်ဆိုင်သည်များကို နားမလည်နိုင်ပါ(၁ကော ၂း၁၄)။ “ဇာတိပကတိ၌ရှိသောသူတို့သည် ဇာတိပကတိနှင့် စပ်ဆိုင်သောအရာတို့ကို စွဲလမ်းသောစိတ်သဘောရှိကြ၏။ ဝိညာဉ်ပကတိ ရှိသောသူတို့မူကား၊ ဝိညာဉ်ပကတိနှင့် ဆိုင်သောအရာတို့ကို စွဲလမ်းသော စိတ်သဘောရှိကြ၏။ ဇာတိပကတိ စိတ်သဘောသည် သေခြင်းအကြောင်းဖြစ်၏။ ဝိညာဉ်ပကတိ စိတ်သဘောသည် အသက်ရှင်ခြင်းအကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်းဖြစ်၏။ အဘယ်ကြောင့်နည်းဟူမူကား၊ ဇာတိပကတိစိတ်သဘောသည် ဘုရားသခင်နှင့် ဆန့်ကျင်ဖက်ဖြစ်၏။ ဘုရားသခင်၏တရားတော်အလိုသို့ မလိုက်တတ်၊ ထိုမျှမက မလိုက်နိုင်” (ရောမ ၈း၅–၇)။

ဤအမှန်တရားနှင့် ဘုရားသခင်၏အမျက်တော်သည် ကောင်းကင်မှနေ၍ ဘုရားတရားကို မသိသော၊ ဖြောင့်မတ်ခြင်းမရှိသော လူသားတို့အပေါ်သို့ ထင်ရှားနေပါသည် ဆိုသည့်အမှန်တရားတို့က၊ ဒဿနပညာ၏ကျဆုံးမှု၊ ဘုရားသခင်ကို အသိအမှတ်မပြုချင်မှု၊ အမြဲတမ်း သူ့ကို လူတို့မသိနိုင်သောအဖြစ်သို့ ပို့ရန် ကြိုးစားနေမှု၊ သူ၏ရှိခြင်းကို ငြင်းပယ်ရန် အမြဲကြိုးစားနေမှု တို့ကို ရှင်းပြပါသည်။ လူ၏ စိတ်နှလုံးသည် မှောင်မိုက်နေပါသည်။ သဘာဝအားဖြင့်မဟုတ်ပါ၊ သူ့ထံတွင် သဘာဝ၏အလင်းအနည်း ငယ်ကျန်ပါသေးသည်၊ ဝိညာဉ်ရေးရာအားဖြင့် ဖြစ်သည်။ ထို့ကြောင့် သူသည် အမြဲပင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဆန့်ကျင်ပါသည်။ လူ၏ ဝိညာဉ်ရေးရာမှောင်မိုက်မှုက သဘာဝသိပ္ပံလော်ဂျီနှင့် သဘာဝဘာသာရေး တည်ဆောက်ရန် ကြိုးစားမှုအားလုံး၏ မဖြစ်နိုင်ခြင်းအကြောင်းကို ပြနေပါသည်။

ဖန်ဆင်းခြင်းတွင်ငှင်း၊ သမိုင်းထဲတွင်ငှင်း ဘုရားသခင်၏ဖွင့်ပြချက် ရှိနေသည်တော့ မှန်ပါသည်။ ကမ္ဘာပေါ်တွင် ဘုရားသခင်၏နာမတော်သည် ကြီးမြတ်လှပါသည်၊ သူက သူ၏ဘုန်းအသရေကို ကောင်းကင်အထပ်ထပ်အထက်၌ ထားတော်မူပါသည် (ဆာလံ ၈း၁)။ “မိုးကောင်းကင်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍၊ မိုးမျက်နှာကြက်သည် လက်တော်နှင့်လုပ်သောအရာများကို ပြသ၏။ တနေ့ကိုတနေ့ မြွက်ဆို၍၊ တညဉ့်ကိုတညဉ့် သွန်သင်၏” (ဆာလံ ၁၉း၁–၂)။ ထို့အပြင် “အဘယ်သို့နည်းဟူမူကား ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျှက် ရှိကြ၏” (ရောမ ၁း၂၀)။

ထိုအရာအပြင်၊ ဝိညာဉ်တော်အားဖြင့် ဘုရားသခင်ကပေးတော်မူသော သက်သေလဲ ရှိနေသည်မှာ သံသယဖြစ်စရာ မလိုပါ။ ဝိညာဉ်တော်က ဘုရားသခင်၏ ထာဝရဘုန်းတန်ခိုးတော်နှင့် အဖြစ်တော်အမှန်တရားကို ငြင်းပယ်၍မရနိုင်လောက်အောင် လူတိုင်း၏ အနက်ရှိုင်းဆုံးသြတ္တပ္ပစိတ်ထဲတွင် ချည်နှောင်ပါသည်၊ “အဘယ်ကြောင့်နည်းဟူမူကား၊ သိအပ်သောဘုရားသခင်၏ အကြောင်းအရာတို့သည် သူတို့တွင် ထင်ရှားလျှက်ရှိ၏၊ ဘုရားသခင်သည် သူတို့အား ပြတော်မူပြီ”(ရော ၁း၁၉)။ ထို့အပြင် “သာသနာပလူတို့သည် ပညတ်တရားတော်ကိုမသိဘဲ ကိုယ်အလိုအလျှောက် တရားတော်ကို ကျင့်သောအခါ၊ သူတို့သည် ပညတ်တရားတော်ကို မသိဘဲ၊ ကိုယ်ကျင့်တရားကို အမှီပြုသဖြင့်ငှင်း၊ ကိုယ်ကိုကိုယ်သိသော စိတ်နှလုံးသည် သက်သေခံသဖြင့်ငှင်း၊ အချင်းချင်း ဆွေးနွေးဆင်ခြင်၍ အပြစ်တင်လျှက်၊ လွှတ်လျှက်နေသဖြင့်ငှင်း၊ မိမိတို့စိတ်နှလုံးထဲ၌ မှတ်သားသောတရား၏အကျိုးကို ထင်ရှား စွာပြကြ၏”(ရော ၂း၁၄–၁၅)။

လူကထုတ်လုပ်သော သက်သေပြချက်များ အနေနှင့်မဟုတ်ဘဲ၊ ယုံကြည်သောစိတ်နှလုံးအတွက် ဘုရားသခင့်ဖွင့်ပြချက်များ၏ သက်သေတို့အဖြစ်နှင့်၊ ဘုရားသခင်ရှိကြောင်းသက်သေများဟု ခေါ်ကြသော သက်သေပြချက်တို့သည် အမှန်ပင် ထိရောက်မှုရှိပါသည်။ သို့သော် မှတ်ထားရမည်မှာ၊ ထိုလူတို့၏ စိတ်နှလုံးများတွင်ငှင်း၊ သမိုင်းထဲတွင်ငှင်း၊ မိမိလက်နှင့် ဖန်ဆင်းတော်မူသောအရာများထဲမှငှင်း ထင်ရှားနေသော ဘုရားသခင်၏ဖွင့်ပြတော်မူခြင်းက လူသားထံတွင် ဘုရားသခင်နှင့်ပတ်သက်သည့် လက်တွေ့မဆန်သော၊ အေးခဲနေသော၊ ဒဿနဆိုင်ရာအတွေးမျိုးကို ပေးနေသည်မဟုတ်သလို၊ ထိုသို့သော အတွေးအခေါ်အတွက် မဖြစ်မနေရှိရမည့် အချက်အလက်များကို ပေးနေသည်မဟုတ်ပါ။ ဗျာဒိတ်ဖွင့်ပြချက်သည် ကိုယ်ကျင့်တရားနှင့် ဆိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုဗျာဒိတ်ဖွင့်ပြချက်သည် လူက ကျေးဇူးတင်စွာနှင့် ချီးမွမ်းထိုက်သည့်၊ သခင်ဖြစ်တော်မူသော၊ အသက်ရှင်သော ဘုရားသခင်၏ ဗျာဒိတ်ဖွင့်ပြချက် ဖြစ်နေသောကြောင့် ဖြစ်သည်။ တကမ္ဘာလုံးတွင် ဘုရားသခင်၏နာမည်သည် ကြီးမြတ်လှပါသည်။ ကောင်းကင်အထပ်ထပ်ကလည်း သူ၏ဘုန်းအသရေကို ကြေညာနေပါသည် (ဆာလံ ၈း၁၊ ၁၉း၁)။ ထိုအချက်က ဘာကိုပြောပြသနည်းဆိုလျှင်၊ ဘုရားသခင်သည် သူ၏ဖြောင့်မတ်တော်မူခြင်းနှင့် မှန်ကန်တော်မူခြင်း၊ သူ၏သန့်ရှင်းသောဒေါသကို အပြစ်သားထံ

ဖွင့်ပြတော်မူသည် ဆိုသည့်အချက်ကိုဖြစ်သည်။ ထိုဘုရားသခင်၏ သန့်ရှင်းသောဒေါသကို နားမလည်လျှင်၊ ဖန်ဆင်းထားသော အရာများနှင့် သမိုင်းကြောင်းထဲတွင် ဖွင့်ပြတော်မူသော ဘုရားသခင်၏ဗျာဒိတ်တော်ကို မည်သို့မှ နားလည်နိုင်မည်မဟုတ်ပါ။

ဒုတိယအနေနှင့်၊ ဇာတိသဘာဝလူသားသည် ထိုဘုရားသခင်၏စကားတော်ကို ဆန့်ကျင်လျှက် ရန်သူအဖြစ် ရပ်တည်နေပါသည်။ ဇာတိသဘာဝလူသားက ထိုသို့ ဘုန်းကြီးတော်မူလှသည့်ဘုရား၊ ဖြောင့်မတ်တော်မူလှသည့် သခင်၊ လူသားကို တရားစီရင်ခြင်းအောက်သို့ အမြဲပို့နေသောဘုရား၊ လူက ချီးမွမ်းဖို့ တာဝန်ရှိနေသည့်၊ ကျေးဇူးအမြဲတင်ရမည့် ဘုရားမျိုးကို အလိုမရှိပါ။ သူသည် ဘုရားကိုမုန်းပါသည်။ သူကို အမြဲဆန့်ကျင်ဖက်လုပ်ပါသည်။ “ဘုရားသခင်မရှိဟု မိုက်သောသူသည် ထင်တတ်၏။ ထိုသို့သော သူတို့သည် ဆွေးမြေ့ယိုယွင်း၍ စက်ဆုပ်ဖွယ်သောအမှုတို့ကို ပြုတတ်ကြ၏။ ကောင်းသောအမှုကို ပြုသောသူ တယောက်မျှမရှိ” (ဆာလံ ၁၄း၁)။ “အကြောင်းမူကား ထိုသူတို့သည် ဘုရားသခင်ကို သိလျှက်ပင်၊ ဘုရားသခင်ကို ချီးမွမ်းသင့်သည်အတိုင်း မချီးမွမ်း၊ ကျေးဇူးတော်ကိုလည်း မသိမမှတ်၊ အချည်းနှီး တွေးဆခြင်း၊ သတိမရှိသော စိတ်နှလုံးမိုက်မဲခြင်းသို့ ရောက်ကြ၏။ ပညာရှိယောင်ဆောင်လျှက်နှင့်၊ လူမိုက်အရာ၌ တည်ကြသည်ဖြစ်၍၊ မပေါက်ပြန်မပျက်စီးနိုင်သော၊ ဘုရားသခင်၏ဂုဏ်တော်ကိုပယ်လျှက်၊ ပေါက်ပြန်ပျက်စီးတတ်သော၊ လူ၏ရုပ်တု၊ သားငှက် အစရှိသော တွားတတ်သော တိရိစ္ဆာန်၏ရုပ်တုတို့ကို ဘုရားသခင်အရာ၌ ချီးမြှောက်ကြ၏” (ရော ၁း၂၁–၂၃)။

အထက်ကဆိုခဲ့သည်မှာ ဒဿနပညာ၏ကြိုးပမ်းချက်ကို ရှင်းပြခြင်းဖြစ်သည်။ ၎င်းမှာ ဘုရားသခင်ကို ငြင်းပယ်ခြင်း (သို့) မိမိ၏ကိုယ်ပိုင်ဘုရားကို ပြုလုပ်ခြင်းဖြစ်သည်။ တချိန်တည်းတွင် အသက်ရှင်သောဘုရားသခင်ကို မသိနိုင်သောနယ်ပယ်အတွင်း ထားလိုက်တော့သည်။ ကမ္ဘာကြီးက ဘုရားသခင်ကို သူ၏ပညာဖြင့် မသိနိုင်ပါ၊ အဘယ်ကြောင့်ဆိုသော် သူ၏ပညာသည် အောက်ကလာသောပညာ ဖြစ်နေ၍ပင်။ ထိုပညာသည် မြေကြီးနှင့်ဆိုင်သည်၊ အဆင့်အမြင့်ဆုံးသော ပုံစံဖြစ်နေလျှင်လည်း နတ်ဆိုးထံမှဖြစ်သည် (၁ကော ၁း၂၁၊ ယာကုပ် ၃း၁၅)။ အသင်းတော်၏ယုံကြည်ခြင်းနှင့်၊ ဘုရားကိုမသိနိုင်ခြင်းဝါဒသည် တခုနှင့်တခု ဆန့်ကျင်ဖက်ဖြစ်သည်။ ယုံကြည်ခြင်းနှင့်ဆင်ခြင်ခြင်း အနေဖြင့်မဟုတ်၊ ယုံကြည်ခြင်းနှင့်ဆိုးညစ်ခြင်းတို့အဖြစ် တခုနှင့်တခု ဆန့်ကျင်ခြင်း ဖြစ်သည်။ ဘုရားကိုမသိနိုင်ခြင်းဝါဒသည် နက်ရှိုင်းစွာ၊ မျှော်လင့်ချက်ကင်းစွာနှင့် ဆင်ခြင်တုံတရား မရှိမှုသာ ဖြစ်ပါသည်။

(Reformed Dogmatic Vol. 1, by Herman Hoeksema (1885-1965) စာအုပ်မှ ဘာသာပြန်ပါသည်)

××××××××××××××××××××××××××××××××××××××××××××××××××

ကျမ်းစာဘာသာပြန်ကဏ္ဍ

သုတ္တံ ၂၄း၁–၃၄ (ဂျိန်းဘုရင်မူ)

၁ – သင် ဆိုးညစ်သူများကို မနာလို မဖြစ်နှင့်၊ သူတို့နှင့်အတူနေရန်လည်း ဆန္ဒမရှိနှင့်။

၂ – အဘယ့်ကြောင့်ဆိုသော် သူတို့၏နှလုံးသားများက ပျက်စီးခြင်းကို သင်ယူကြသည်၊ ထို့အတူ သူတို့၏နှုတ်ခမ်းများကလည်း ဒုက္ခပေးခြင်းများကို ပြောကြပါသည်။

၃ – ဉာဏ်ပညာအားဖြင့် အိမ်ကိုဆောက်ရသည်၊ ထို့အတူ ထိုအိမ်သည် နားလည်ခြင်းနှင့် မြဲမြံမည်ဖြစ်သည်။

၄ – ထို့အတူ အသိပညာအားဖြင့် အိမ်ခန်းတို့သည် တန်ဖိုးကြီးသောအရာများ၊ နှစ်လိုဖွယ်သောချမ်းသာခြင်းများတို့နှင့် ပြည့်နေမည်ဖြစ်သည်။

၅ – ပညာရှိသူသည် သန်မာသည်၊ မှန်ပါသည်၊ အသိပညာရှိသူထံ ခွန်အားသည် ပို၍တိုးတက်နေသည်။

၆ – အဘယ့်ကြောင့်ဆိုသော် ပညာရှိသောအကြံပေးအဖွဲ့နှင့်သာ သင်သည် စစ်ကိုတိုက်ရမည်၊ ထို့အတူ အကြံပေးသူအမြောက်အများ ရှိသည့်နေရာတွင် လုံခြုံမှုရှိသည်။

၇ – ဉာဏ်ပညာသည် လူမိုက်အတွက် မြင့်လွန်းသည်၊ သူသည် ဂိတ်တံခါးတွင် သူ၏ပါးစပ်ကို မဖွင့်ရ။

၈ – ဆိုးညစ်ခြင်းကိုပြုရန် ကြံစည်သူသည် ထိခိုက်နစ်နာစေသောပုဂ္ဂိုလ်ဟု အခေါ်ခံရမည်။

၉ – ဆိုးညစ်ခြင်း၏အတွေးသည် အပြစ်ဖြစ်သည်၊ ထို့အတူ အထင်အမြင်သေးသူသည် လူတို့၏ရွံရှာခြင်းကိုခံရသူ ဖြစ်လိမ့်မည်။

၁၀ – အခက်အခဲရောက်ရသောနေ့တွင် သင်သည် စိတ်ပျက်လျှင်၊ သင့်ခွန်အားသည် နည်းလှ၍ဖြစ်သည်။

၁၁ – သေခြင်းသို့ နှစ်မြှုတ်လျှက် ရှိသူများကို၊ အသတ်ခံရဖို့ အသင့်ဖြစ်နေသူများကို ကယ်တင်ရန် သင် အောင့်အည်းထိန်းချုပ်လျှင်၊–

၁၂ – ကြည့်ပါ ၎င်းကို ငါတို့မသိကြပါဟု ပြောလျှင်၊ နှလုံးသားကို စစ်ဆေးဆင်ခြင်သူက အရေးယူမည် မဟုတ်ပါလော? သင်၏ဝိညာဉ်ကို စောင့်ရှောက်ထိန်းသိမ်းသူက၊ သိမည်မဟုတ်ပါလော? သူသည် လူတိုင်းကို သူတို့၏အလုပ်များနှင့်ကိုက်ညီစွာ ပြန်ဆပ်ပေးသူ မဟုတ်ပါလော?

၁၃ – ငါ့သား၊ ပျားရည်ကို စားပါ၊ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ကောင်းသည်၊ ထို့အတူ သင့်ထံတွင် ချိုသောအရသာရှိသည့် ပျားလဘို့ကိုလည်း စားပါ၊–

၁၄ – ထို့ကဲ့သို့ ဉာဏ်ပညာ၏ အသိပညာကိုလည်း သင်၏ဝိညာဉ်သို့ ဖြစ်စေပါ၊– သင် ၎င်းကိုတွေ့သောအခါ၊ နောက်ပိုင်းတွင် ဆုလာဘ်သည် ရှိနေလိမ့်မည်၊ ထို့အတူ သင်၏မျှော်လင့်ခြင်းလည်း ပြတ်တောက်မသွားရပါ။

၁၅ – အိုး ဆိုးယုတ်သောသူ၊ ဖြောင့်မတ်သူ၏နေထိုင်ရာကို ဆန့်ကျင်လျှက် ချောင်းမြောင်း မနေနှင့်၊ သူ၏အနားယူရာနေရာကို မဖျက်ဆီးနှင့်၊–
၁၆ – အဘယ့်ကြောင့်ဆိုသော် ဖြောင့်မတ်သူသည် ခုနစ်ကြိမ် လဲကျလိမ့်မည်၊ ထို့အတူ ပြန်ထလိမ့်မည်၊ သို့သော် ဆိုးညစ်သူသည် ဒုက္ခဆင်းရဲခြင်းသို့ လဲကျလိမ့်မည်ဖြစ်သည်။
၁၇ – သင့်ရန်သူ ကျဆုံးသောအခါ ဝမ်းမြောက်ဝမ်းသာ မဖြစ်နှင့်၊ ထို့အတူ သူ ခလုတ်တိုက်လဲသောအခါ သင့်နှလုံးသားကိုလည်း မပျော်ရွှင်စေနှင့်၊–
၁၈ – သို့မဟုတ်ပါက၊ ဘုရားသခင်သည် ထိုအမှုကိုတွေ့မည်၊ ထို့နောက် သဘောမကျဘဲနေမည်၊ ထို့နောက် သူသည် သူ၏အမျက်တော်ကို ထိုသူ့ထံမှ ဖယ်ခွာလိမ့်မည်ဖြစ်သည်။
၁၉ – ဆိုးညစ်သူများအတွက် သင် စိတ်အလိုမကျ မဖြစ်နှင့်၊ ထို့အတူ ဆိုးယုတ်သူတို့ကို မနာလိုလည်း မဖြစ်ပါနှင့်၊–
၂၀ – အဘယ့်ကြောင့်ဆိုသော် ဆိုးညစ်သူအတွက် ဆုလာဘ်ဆိုသည်မျိုး မရှိပါ၊ ဆိုးယုတ်သူ၏ဖယောင်းတိုင်သည် အငြိမ်းခံရမည်ဖြစ်သည်။
၂၁ – ငါ့သား၊ သင် ဘုရားသခင်နှင့်ရှင်ဘုရင်ကို ကြောက်ရွံ့ပါ၊– ထို့အတူ ခဏခဏ စိတ်ပြောင်းတတ်သူတို့နှင့် မရောနှောနှင့်၊–
၂၂ – အဘယ့်ကြောင့်ဆိုသော် သူတို့၌ ဘေးဒုက္ခဆိုက်ရောက်ရခြင်းသည် ရုတ်တရက် ထလာလိမ့်မည်၊– ထိုနှစ်အုပ်စုလုံး၏ ပျက်စီးခြင်းကို မည်သူ သိနိုင်မည်နည်း?
၂၃ – ဤအကြောင်းအရာများသည်လည်း ပညာရှိသူတို့နှင့် ဆိုင်ပါသည်။ တရားစီရင်ခြင်းတွင် လူပုဂ္ဂိုလ်တို့၏မျက်နှာကို ထောက်ထားခြင်းသည် မကောင်းပါ။
၂၄ – ဆိုးညစ်သောသူကို၊ သင်သည် ဖြောင့်မတ်သည်ဟု ပြောသောသူအား လူအများက ကျိန်ဆဲလိမ့်မည်၊ တိုင်းနိုင်ငံတို့ကလည်း သူ့ကို ရွံရှာကြလိမ့်မည်၊–
၂၅ – သို့သော် သူ့ကို ဆုံးမပြစ်တင်သူတို့အား သဘောကျကြလိမ့်မည်၊ ကောင်းမြတ်သောကောင်းချီးသည်လည်း သူတို့အပေါ် ရောက်လိမ့်မည်။
၂၆ – မှန်ကန်စွာအဖြေပေးသူ၏ နှုတ်ခမ်းတို့ကို လူတိုင်းက နမ်းလိမ့်မည်။
၂၇ – အပြင်ဖက်မှ သင့်အလုပ်အတွက် သင့်ပြင်ဆင်ပါ၊ ထို့အတူ ကွင်းထဲတွင် လုပ်ကိုင်ရခြင်းအတွက် သင့်ကိုယ်သင် သင့်တော်အောင် လုပ်ပါ၊ ထိုသို့ပြုပြီးနောက်မှသာ သင်၏အိမ်ကို တည်ဆောက်ပါ။
၂၈ – အကျိုးအကြောင်းမရှိဘဲ သင့်အိမ်နီးချင်းကို ဆန့်ကျင်သော သက်သေမဖြစ်နှင့်၊ ထို့အတူ သင့်နှုတ်ခမ်းတို့ဖြင့် မလိမ်ညာနှင့်။
၂၉ – သူက ငါ့ထံပြုသကဲ့သို့ ငါကလည်း သူ့ထံ ပြန်လုပ်မည်ဟု မပြောနှင့်၊– ငါသည် လူတဦးကို သူ၏အလုပ်အတိုင်း ပြန်ဆပ်မည်ဟုလည်း မပြောနှင့်။
၃၀ – ငါသည် ပျင်းရိသူ၏လယ်အနားမှ လျှောက်သွားပါသည်၊ နားလည်ခြင်း ကင်းမဲ့သူ၏ စပျစ်ခုံနားမှ ဖြတ်လျှောက်သွားပါသည်၊–
၃၁ – ကြည့်ပါ၊ ဆူးပင်များ၊ ဖက်ယားပင်များသည် တခုံလုံး၌ပေါက်ရောက်ကာ မျက်နှာတပြင်လုံးကို လွှမ်းမိုးနေပါသည်၊ ကျောက်နံရံသည်လည်း ကျိုးပြတ်ပြိုကျနေပါသည်။
၃၂ – ထိုသို့ ငါမြင်ပြီးနောက် ၄င်းကို သေချာစွာ ဆင်ခြင်ပါသည်၊– ၄င်းတို့ကို ကြည့်လျှက် သွန်သင်ခံရခြင်းကို ရရှိပါသည်။
၃၃ – ခဏတဖြုတ် အိပ်ပျော်ခြင်း၊ ခဏကလေး အိပ်ငိုက်ခြင်း၊ အိပ်ရန် ခဏတဖြုတ် လက်ပိုက်ခြင်းဖြင့်၊–
၃၄ – သင်၏ ဆင်းရဲခြင်းသည် ခရီးသည်တဦးကဲ့သို့ ရောက်လာမည်ဖြစ်သည်၊– ထို့နောက် သင်၏ လိုအပ်ခြင်းသည် လက်နက်စုံကိုင်ဆွဲထားသူကဲ့သို့ ရောက်လာပါမည်။

××××××××××××××××××××××

၁သက် ၄း၁–၁၈ (ကျိန်းဘုရင်မှ)
၁ – ထို့အပြင် သင်တို့ ဘုရားသခင်အားကျေနပ်စေရန် မည်ကဲ့သို့ လျှောက်လှမ်းကြရမည်ကို ငါတို့ထံမှ လက်ခံကြပြီးဖြစ်သဖြင့်၊ ထိုသို့အသက်ရှင်ခြင်းတွင် ပို၍ပို၍ တိုးတက်အသက်ရှင်ကြပါမည်အကြောင်း ငါတို့ သင်တို့ကို မေတ္တာရပ်ခံကြပါသည်၊ ညီအကိုတို့၊ သခင်ယေရှုအားဖြင့်လည်း တိုက်တွန်းကြပါသည်၊
၂ – အဘယ့်ကြောင့်ဆိုသော် သခင်ယေရှုအားဖြင့် ငါတို့က သင်တို့ထံ မည်သို့သောပညတ်တော်များကို ပေးထားခဲ့ကြောင်း သင်တို့သိကြပါသည်။
၃ – အဘယ့်ကြောင့်ဆိုသော် ဤအကြောင်းအရာသည် ဘုရားသခင့်အလိုတော်ဖြစ်ပါသည်၊ သင်တို့၏သန့်ရှင်းခြင်းလည်း ဖြစ်ပါသည်၊ ၄င်းမှာ သင်တို့သည် မတရားသောမေထုန်ကို ရှောင်ရှားကြရမည်ဖြစ်ခြင်းပင်၊–
၄ – ထိုသို့ဖြင့် သင်တို့တယောက်စီတိုင်းက မိမိ၏အိမ်ထောင်ဖက်ကို သန့်ရှင်းခြင်းနှင့်၄င်း၊ ဂုဏ်သိက္ခာနှင့်၄င်း မည်သို့ပိုင်ဆိုင်ရမည်ကို သိနိုင်ကြမည်ဖြစ်သည်၊–
၅ – ကာမရာဂစိတ်၏ တပ်မက်ခြင်း၌ မဟုတ်ဘဲ၊ ဘုရားသခင်ကို မသိကြသော တပါးအမျိုးသားများကဲ့သို့မဟုတ်ကြဘဲ၊–

၆ – မည်သူကမှ မည်သည့်အကြောင်းအတွက်မှ(နယ်လွန်သွားကာ) မိမိညီအကိုကို မကျူးလွန်ရပါ၊ မလှည့်ဖြားရပါ၊– အဘယ့်ကြောင့်ဆိုသော် သခင်ဘုရားသည် ထိုသို့သောအရာအားလုံးအတွက် လက်စားချေသူဖြစ်သည်၊ ထိုအကြောင်း သင်တို့ထံ ငါတို့ ယခင်ကပင် ကြိုတင်သတိပေးကာ သက်သေခံခဲ့ကြပြီး ဖြစ်ပါသည်။
၇ – အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ငါတို့ကို မသန့်ရှင်းခြင်းသို့ ခေါ်ထားသည်မဟုတ်ဘဲ၊ သန့်ရှင်းခြင်းသို့သာ ခေါ်ထားပါသည်။
၈ – ထို့ကြောင့် (ဤအကြောင်းအရာကို) အထင်အသေးသူသည်၊ လူကိုအထင်သေးခြင်း မဟုတ်ပါ၊ မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို ငါတို့ထံ ပေးတော်မူသော ဘုရားသခင်ကို အထင်းသေးခြင်းဖြစ်သည်။
၉ – သို့သော် ညီအကိုချင်း ချစ်မြတ်နိုးမှု၌မူ၊ သင်တို့ထံ ငါရေးနေစရာမလိုပါ၊ အဘယ့်ကြောင့်ဆိုသော် တဦးနှင့်တဦးချစ်ကြရန် သင်တို့ကို ဘုရားသခင်က သင်ပေးပြီးဖြစ်ပါသည်။
၁၀ – သင်တို့သည် မက်ဒီဒိုးနီးယားပြည်နယ်ရှိ ညီအကိုအားလုံးတို့ထံ အမှန်ပင် ထိုသို့ ပြုကြပါသည်၊ သို့သော် သင်တို့ကို ငါတို့ မေတ္တာရပ်ခံကြပါသည်၊ ညီအကိုတို့၊ ပို၍ပို၍ ထိုသို့ပြုကြပါ၊
၁၁ – ထိုသို့ဖြင့် သင်တို့သည် တိတ်တဆိတ်နေတတ်ကြရန် သင်ယူကြမည်ဖြစ်သည်၊ မိမိအလုပ်ကိုသာ လုပ်ကြရန် သင်ယူနိုင်ကြမည်ဖြစ်သည်၊ ထို့အပြင် သင်တို့ကို ငါတို့ အမိန့်ပေးထားသလို၊ မိမိတို့လက်များဖြင့် မိမိတို့အလုပ်ကို လုပ်ကြရန်ဖြစ်ပါသည်၊–
၁၂ – ထိုသို့ဖြင့် သင်တို့သည် အပြင်ဖက်၌ရှိသောသူတို့ရှေ့တွင် ရိုးသားဖြောင့်မတ်စွာ လျှောက်လှမ်းကြမည်ဖြစ်သည်၊ ထိုသို့ဖြင့် သင်တို့တွင် မည်သည့်အရာမှ မလိုဘဲဖြစ်ပါမည်။
၁၃ – သို့သော် ငါသည် သင်တို့ကို မသိနားလည်သူများဖြစ်ရန် မလိုချင်ပါ၊ အိပ်ပျော်ပြီးသောသူတို့နှင့် ပတ်သက်၍ ဖြစ်သည်၊ မျှော်လင့်ခြင်း မရှိကြသော အခြားသူတို့ကဲ့သို့၊ သင်တို့ သူတို့အတွက် ဝမ်းမနည်းကြနှင့်။
၁၄ – အဘယ့်ကြောင့်ဆိုသော် ယေရှု သေခဲ့သည်၊ ထို့နောက် ပြန်ထမြောက်သည်ဟု ငါတို့ ယုံကြည်ကြလျှင်၊ ထို့အတူပင် သခင်ယေရှု၌ အိပ်ပျော်ကြသူများကိုလည်း ဘုရားသခင်က သူနှင့်အတူ ပြန်ခေါ်လာမည်ဖြစ်သည်။
၁၅ – အဘယ့်ကြောင့်ဆိုသော် ဤအကြောင်းကို ငါတို့သည် သင်တို့ထံ သခင်ဘုရား၏နှုတ်ကပတ်တော်ဖြင့် ပြောကြပါသည်၊ သခင်ဘုရား ပြန်လာချိန်ထိ ကျန်နေလျှက်၊ အသက်ရှင်လျှက်ရှိကြသော ငါတို့က အိပ်ပျော်ပြီးကြသူများကို တားဆီးနိုင်ကြမည် မဟုတ်ပါ။
၁၆ – အဘယ့်ကြောင့်ဆိုသော် သခင်ဘုရားကိုယ်တိုင် ကောင်းကင်ဘုံမှ ဆင်းသက်လာမည်ဖြစ်သည်၊ ဟစ်ကြွေးသံနှင့်အတူ၊ အကြီးဆုံးကောင်းကင်တမန်၏ အသံနှင့်အတူ၊ ဘုရားသခင်၏ ထရမ်းပက်(တံပိုး) မှုတ်သံနှင့်အတူ ဆင်းလာပါမည်၊– ထို့နောက် ခရစ်တော်၌ သေနေခဲ့ကြသူများ ပထမ ထမြောက်ကြပါမည်၊–
၁၇ – ပြီးသောအခါ ကျန်နေသူနှင့်အသက်ရှင်နေသူ ငါတို့သည် သူတို့နှင့်အတူ မိုးတိမ်များထဲသို့ ချီဆောင်ခြင်း ခံကြရပါမည်၊ လေထဲတွင် သခင်ဘုရားနှင့်တွေ့ရန်ဖြစ်သည်၊ ထို့နောက် ငါတို့သည် သခင်ဘုရားနှင့်အတူ ထာဝရနေကြရမည်ဖြစ်သည်။
၁၈ – ဤအကြောင်းအရာကြောင့် တဦးနှင့်တဦး ဤစကားလုံးတို့နှင့် နှစ်သိမ့်မှုပေးကြလော့။

++++++++++++++++++++++++++++

## သခင်ဘုရား၏နေ့ (၂၂)

၅၇။ "ခန္ဓာကိုယ်ရှင်ပြန်ထမြောက်ခြင်း"ဆိုသည့်စကားစုက မည်သည့်နှစ်သိမ့်မှုကို သင်အား ပေးသနည်း?

ယခုဘဝပြီးဆုံးသည်နှင့် ကျွန်ုပ်၏ဝိညာဉ်သာလျှင် ၄င်း၏ဦးခေါင်းဖြစ်သည့်သခင်ခရစ်တော်ထံသို့ ချက်ခြင်း ဆောင်ယူခြင်းခံရမည်မဟုတ်၊ ကျွန်ုပ်၏ကိုယ်ခန္ဓာသည်လည်း သခင်ခရစ်တော်၏ တန်ခိုးတော်ဖြင့် ထမြောက်စေခြင်းကို ခံရလျှက် ကျွန်ုပ်၏ဝိညာဉ်နှင့် ပြန်၍ပေါင်းစည်းကာ၊ သခင်ခရစ်တော်၏ ဘုန်းကျက်သရေနှင့်ပြည့်ဝသော ခန္ဓာကိုယ်ကဲ့သို့ ဖြစ်လာပါမည်။
(လု ၂၃း၄၃၊ ဖိ ၁း၂၃၊ ၁ကော ၁၅း၅၃၊ ယောဘ ၁၉း၂၅–၂၆)

၅၈။ "ထာဝရအသက်ရှိသည်"ဆိုသည့်စာပိုဒ်မှ မည်သည့်နှစ်သိမ့်မှုကို သင်ရယူပါသနည်း?

ယခုဘဝ၌ပင် ကျွန်ုပ်သည် ထာဝရဝမ်းမြောက်ခြင်းအစကို နှလုံးသား၌ခံစားရလျှက်ရှိ၏။ ယခုဘဝပြီးလျှင် ကျွန်ုပ်သည် ပြည့်စုံသောကယ်တင်ခြင်းကို အမွေရရှိမည်ဖြစ်သည်။ ၄င်းကို သဘောပေါက်နားလည်ဖို့ရန် "မျက်စိဖြင့် မမြင်ရသေး၊ နားဖြင့်လည်း မကြားရသေး၊ လူ၏နှလုံးသားထဲသို့လည်း မဝင်ရောက်သေးပါ"။ ထိုသို့ဖြင့် ဘုရားသခင်ကို ထာဝရဘုန်းတော်ချီးမွမ်းပါမည်။
(၂ကော ၅း၂၃၆၊ ရော ၁၄း၁၇၊ ၁ကော ၂း၉)